# ဒီကနေ ဘယ်ကိုလဲ? ၂၀၁၀

## ကြိုဆိုပါ၏၊

ကျောင်းနောက်ဆုံးနှစ်များရောက်ခါနီးပြီဖြစ်၍၊ နောင်ရေးအတွက်နှင့် ဘယ်လိုအလုပ်မျိုးလုပ်လိုသလိုလဲဟု သင်စပြီးတွေးတော နေကောင်းပါပြီ။

ယနေ့ ဗစ်တိုးရီးယား၌ သက်မွေးဝမ်းလုပ်ငန်းလမ်းကြောင်း အများကို စိတ်ကွန့်မြူးကြည့်ရသည်မှာ မလွယ်လှပါ။

ဤ “ ဒီကနေဘယ်ကိုလဲ? ဗီစီအီး (VCE)၊ ဗီစီအေအယ်လ်(VCAL)နှင့် လုပ်ငန်းသင်များနှင့် သင်တန်းများ-လမ်းညွှန်” စာအုပ်ပါ အချက်အလက်များက ၁၁ နှင့် ၁၂တန်း များတွင် မည်သည့်လမ်းကြောင်း ကိုရွေးချယ်ရန် ဆုံးဖြတ်သည့်အခါ၊ အထောက်အကူ ဖြစ်မည်ဟု ကျွန်ုပ်မြော်လင့်ပါသည်။

ဗစ်တိုးရီးယားကျောင်းများနှင့် ကောလိပ်အများဆုံးတွင် အကြီးတန်း အထက်တန်းကျောင်း ကျွမ်းကျင်မှု လက်မှတ်နှစ် မျိုးမှ ရွေးချယ်ရမည်ဖြစ်ပါသည်။ ယင်းတို့မှာ ဗစ်တိုးရီးယန်း ပညာရေးလက်မှတ်(VCE) နှင့် ဗစ်တိုးရီးယန်း လက်တွေ့အသုံးချ သင်ကြားမှုလက်မှတ် (VCAL) တို့ဖြစ်သည်။

ယင်းနှစ်မျိုးလုံးက၊ ဗစ်တိုးရီးယားတွင် အထက်တန်းကျောင်းကို အောင်မြင်စွာပြီးဆုံးကြောင်းကို အသိအမှတ်ပြုခြင်းဖြစ်ပါသည်။ ယခုကဲ့သို့ ရွေးချယ်နိုင်ခြေများကို ဖတ်ရှုပြီး၊ သင့်ဆရာ/မ များ၊ မိသားစုများနှင့် ဆွေးနွေးတိုင်ပင်ခြင်းအားဖြင့်၊ သင့်အနာဂတ် အတွက်၊ သင်သည် အသိအမြင်ရှိစွာ ဆုံးဖြတ်ချက်များကို ချနိုင်လိမ့်မည်ဟု ကျွန်ုပ်မြော်လင့်ပါသည်။

တက္ကသိုလ်၊ စက်မှုနှင့် ထပ်ဆင့်ပညာရေး (TAFE)သင်တန်းများသို့ဝင်ရန်၊ ဗီစီအီးကို ကမ္ဘာအနှံ့ အသိအမှတ်ပြုပါသည်။

လုပ်ငန်းခွင်လောကသို့လည်း ဗီစီအီးရှိခြင်းဖြင့် ဝင်ရောက်နိုင်ပါသည်။ ဗီစီအီးဘာသာရပ်များက သင်ရိုးညွှန်းတန်းပါ ဘာသာရပ် ပေါင်းစုံမှ- အနုပညာရပ်များ/လူသားလေ့လာမှုများမှစ၍၊ လုပ်ငန်း၊ သိပ္ပံနှင့် စက်မှုပညာများ- စသည့် ဘာသာရပ်များအားလုံးကို အသေးစိတ် သင်ကြားနိုင်သည့် အခွင့်အရေးရစေသည်။ ကျောင်းသားများသည် ဗီစီအီး အဆင့်၌ ဘာသာရပ်ပေါင်း ၄၀ ကျော်မှ ရွေးချယ်နိုင်သည်။

ဗီစီအေအယ်လ်မှာ သင့်အတွက် အသိပညာနှင့်၊ အလုပ်သင် သင်တန်းကျောင်းနှင့် လုပ်ငန်းခွင်တို့အတွက် ကြိုတင်ပြင်ဆင်ရန်၊ ကျွမ်းကျင်မှုတိုးတက်ရေးအပြင်၊ဆက်လက်၍ ပညာသင်ကြားရေးနှင့်လေ့ကျင့်ရေးတို့အတွက်လည်း လက်တွေ့ကျကျ အကူအညီ ပေးသည့် ရွေးချယ်လမ်းတမျိုးဖြစ်သည်။

ယင်းက လုပ်ငန်းခွင်နှင့် နောက်ပိုင်းဘဝတို့အတွက်၊ လက်တွေ့ကျသော လုပ်ငန်းခွင်ပိုင်းဆိုင်ရာ အတွေ့အကြုံအပြင်၊ အရေးအဖတ်နှင့် အတွက်အချက်ကျွမ်းကျင်မှုများ၊ ဦးဆောင်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အခြားပဓာနကျသည့် ကျွမ်းကျင်မှုများတို့ကို ဖွံ့ဖြိုးတိုးတက်စေသော အခွင့်အရေးများကို ပေးဆက်သည်။သင်သည် သင်၏ VCAL ၌ VCE ဘာသာရပ်များကို ထည့်သွင်းနိုင်ပါသည်။

ယင်းလက်မှတ် ၂ မျိုးစလုံးအတွက် သင်ကြားနေစဉ်၌၊ သင်သည် အသက်မွေးဝမ်းကြောင်းပညာနှင့် သင်တန်း (VET)အစီအစဉ်များမှ ရွေးချယ်နိုင်သည်။

VET အစီအစဉ်များက ကျောင်းသားများ ကျောင်းစာသင်ကြားနေချိန်မှာပင်၊ လုပ်ငန်းခွင်အတွေ့အကြုံများရစေသည့်အတွက် ကျောင်းသားများ အကြိုက်များလာကြပြီဖြစ်၏။ ကျောင်းမပြီးခင်မှာပင် ကျောင်းသားများသည် တန်ဖိုးကြီးလှသည့် လုပ်ငန်းခွင် အတွင်းအခြေအ နေများနှင့် လုပ်ငန်းခွင်အတွေ့အကြုံများကို စောစီးစွာ ရရှိစေသည်။

ကျောင်းတွင်းအခြေခံ အလုပ်သင်နှင့် သင်တန်းများသည်၊ ကျောင်းတက်နေစဉ်မှာပင် သင်တန်းတက်နေလိုသော ကျောင်းသား များအတွက် ရွေးချယ်စရာ နောက်လမ်းကြောင်းတစ်ခုဖြစ်ပါသည်။ ကျောင်းသားများသည် VEC သို့မဟုတ် VCAL ပြီးဆုံးအောင် ကျောင်းတက်နေချိန်မှာပင် အသက်မွေးဝမ်းကြောင်းပညာနှင့် သင်တန်းနှင့် တွဲဘက်ပြီး အချိန်ပိုင်းအလုပ် လုပ်နိုင် ပါသည်။

မည်သည့်လမ်းကြောင်းကို သင်ရွေးချယ်သည်မဆို၊ သင်ရရှိသော ပညာက သင့်အတွက် စိတ်ကြေနပ်ပြီး၊ အကျိုးဖြစ်ထွန်းသော အနာဂတ်တစ်ခုဖြစ်စေမည်ဟု ကျွန်ုပ်ယုံကြည်စိတ်ချပါသည်။

**သင့်ကျောင်းနောက်ဆုံးနှစ်များနှင့် နောက်ပိုင်းမှာ အကောင်းဆုံး ဖြစ်စေရန် ကျွန်ုပ်ဆန္ဒပြုအပ်ပါသည်။ ဤစာအုပ်အားဖြင့် သင့်မှာ အရေးကြီးသော ဆုံးဖြတ်ချက်များအချို့ကိုချရာ၌ အထောက်အကူရမည်ဟု ယုံကြည်ပါသည်။**

## ဗီစီအီးအကြောင်း

### ဗီစီအီး ဆိုတာဘာလဲ?

ဗစ်တိုးရီးယားတွင် အကြီးတန်း အထက်တန်းကျောင်းကို ကြေနပ်ဖွယ်အဆင့်ဖြင့် အောင်မြင်ကြသော ကျောင်းသားအများစုသည် ဗစ်တိုးရီးယန်းပညာရေး လက်မှတ် (VCE) ကိုရရှိကြပါသည်။ ဤလက်မှတ်သည် ကမ္ဘာအနှံ့ အသိအမှတ်ပြု အရည်အချင်း လက်မှတ်ကောင်းတစ်ခုဖြစ်ပါသည်။ VCE ရှိခြင်းအားဖြင့် တက္ကသိုလ် သို့မဟုတ် TAFE များတွင် ရှေ့ဆက်ပညာသင်ခြင်း၊ သင်တန်းတက်ခြင်းနှင့် အလုပ်လုပ်ကိုင်ခြင်း စသော လမ်းခွဲမျိုးစုံကို ရရှိစေနိုင်သည်။

### ကျွန်ုပ်၏ VCE ကို ဘယ်တော့စနိုင်မလဲ?

၁၁ တန်းနှင့် ၁၂ တန်းများ၌ VCE ကိုစတင်လေ့ရှိသော်လည်း၊ ၁၀ တန်းတွင်လည်း ≠စတင်နိုင်သည်။ ဗစ်တိုးရီးယားရှိ ၁၀ တန်းကျောင်းသားများအနက် တစ်ဝက်ခန့်မှာ အချို့ VCE ဘာသာရပ်များကို ယူထားသည်။

### ဘယ်လိုဘာသာရပ်တွေ ရွေးနိုင်သလဲ ?

VCE ဘာသာရပ်ပေါင်း ၉၀ ကျော်ရှိပြီး VCE VET အစီအစဉ်များအတွက် ၃၀ကျော် ရွေးချယ်ရန်ရှိသည်။ VCE VET အစီအစဉ်များကလည်း တစ်နိုင်ငံလုံး အသိအမှတ်ပြု လုပ်ငန်းခွင် အရည်အချင်းလက်မှတ်များ ရစေသည်၊

### ကျွန်ုပ်၏ကျောင်း၌ ဘာတွေရွေးချယ်နိုင်သလဲ ?

ကျောင်းတစ်ကျောင်းစီက မည်သည့် VCE ဘာသာရပ်များနှင့် VCE VET အစီအစဉ်များအား ကမ်းလှမ်းပေးမည်ကို ဆုံးဖြတ်သည်။

သင်ရွေးချယ်နိုင်သော ဘာသာရပ်များနှင့်၊ အကယ်၍သင်စိတ်ဝင်စားသော VCE ဘာသာရပ်ကို ကျောင်းတွင်းမရနိုင်ခဲ့လျှင်၊ ကျောင်းပြင်ပမှ–ရနိုင်ခြေရှိ-မရှိ တို့ကို သင့်ကျောင်းမှ အကြံပေးမည်၊ ဥပမာ-

- ဗစ်တိုးရီးယား အဝေးသင်ပညာရေး (www.distance.vic.edu.au)
- ဗစ်တိုးရီးယန်း ဘာသာစကားများကျောင်း(www.vsl.vic.edu.au)

### ဘာသာရပ်များရွေးချယ်ရာတွင် ဘာတွေထည့်စဉ်းစားသင့်သလဲ?

သင်ရွေးချယ်မှုပြုရာ၌၊ ရွေးချယ်မည့်ဘာသာရပ်များသည်-

- သင်စိတ်ဝင်စားမှု
- သင် ပိုင်နိုင်သောဘာသာရပ်
- သင်စိတ်ဝင်စားသော အလုပ်မျိုးသို့ ဦးတည်ပေးနိုင်ခြင်း
- ရှေ့ဆက် လေ့ကျင့်ရေးသင်တန်း သို့မဟုတ် တက္ကသိုလ်ကျောင်းများအတွက် ပြင်ဆင်ပေးနိုင်မှု ရှိ-မရှိတို့ကို ထည့်သွင်းစဉ်းစားသင့်သည်။

နောက်ဆုံး ဆုံးဖြတ်ချက်မချမီ၊ လုပ်ငန်းဆိုင်ရာ အကြံပေး အရာရှိနှင့် တွေ့ဆုံဆွေးနွေးသင့်သည်။

### VCE ကိုဘယ်လို ဖွဲ့စည်းထားသလဲ ?

VCE သင်တန်းကို ယူနစ်များဖြင့် ဖွဲ့စည်းထားသည်၊ တစ်ယူနစ်သည် နှစ်တစ်ဝက်၊ သို့မဟုတ် စာသင်နှစ်ထက်ဝက် ရှည်လျားသည်။ ယူနစ် ၁ နှင့် ယူနစ် ၂ ကို တစ်ယူနစ်စီအနေနှင့် - ဥပမာ ယူနစ် ၁ သို့မဟုတ်၊ ယူနစ် ၂ သက်သက် သီးခြားယူနိုင်သည်။ သို့သော် ယူနစ် ၃ နှင့် ယူနစ် ၄ ကို နှစ်ယူနစ် ဆက်တိုက် တစ်နှစ်အတွင်းယူရမည်။

ပုံမှန်အားဖြင့် VCE အစီအစဉ်တွင် နှစ်နှစ်ကာလအတွင်း ၂၀ မှ ၂၄ ယူနစ် ပါဝင်သော်လည်း၊ တစ်နှစ်ကာလအတွင်း ယူနစ် မည်မျှယူမည် ကို သင်ရွေးချယ်ပြီး ပြောင်းလဲနိုင်သည်။ VCE ပြီးရန် သင့်အနေနှင့် နှစ်နှစ်ကျော်ကြာပြီးလည်း လုပ်နိုင်သည်။

သာမန်အားဖြင့် ယူနစ် ၃ နှင့် ၄ ကို အထက်တန်းကျောင်းနောက်ဆုံးနှစ်၌ ယူလေ့ရှိကြသည်။ အကယ်၍ ၁၁ တန်း၌ ယူနစ် ၃ နှင့် ၄ ဘာသာရပ်များကို သင်ရွေးချယ်မည်ဟု စီစဉ်နေပါက၊ ယင်းတို့သည် ယူနစ် ၁ နှင့် ၂ ထက် ပိုမိုခက်ခဲကြောင်း သတိပြုပါ။

**VCE လက်မှတ်-ရရန်၊ ကျွန်ုပ်ဘာလုပ်ရမလဲ ?**

VCE ရရန်၊ သင့်အနေနှင့် အနည်းဆုံး ၁၆ ယူနစ်ကို ကြေနပ်ဖွယ်အဆင့်ဖြင့် ပြီးဆုံးရမည်။
သင်သည် ယူနစ်ပေါင်း မည်မျှသည်မဆို၊ အောက်ပါတို့ကို ကြေနပ်ဖွယ်အဆင့်ဖြင့် ပြီးဆုံးရမည်။

- အောက်ဖော်ပြပါ၊ အင်္ဂလိပ်ဘာသာရပ်အုပ်စုမှ အနည်းဆုံး သုံးယူနစ်
  - အင်္ဂလိပ်စာ အခြေခံယူနစ်များ ၁ နှင့် ၂
  - အင်္ဂလိပ်စာယူနစ်များ ၁ မှ ၄
  - ဒုတိယ ဘာသာအဖြစ် အင်္ဂလိပ်စာ(ESL) ယူနစ် ၃ နှင့် ၄
  - အင်္ဂလိပ်ဘာသာယူနစ်များ ၁ မှ ၄
  - စာပေယူနစ်များ ၁ မှ ၄

အင်္ဂလိပ်စာအုပ်စုမှ ယူနစ် ၁ နှင့် ၂ ၏ ယူနစ်နှစ်ခုထက်ပိုပြီး၊ အင်္ဂလိပ်စာ လိုအပ်ချက်တွင် ထည့်မတွက်နိုင်ပါ။

- အင်္ဂလိပ်စာလိုအပ်ချက်ဖြည့်ပြီးသည့်အပြင်၊ ယူနစ် ၃ နှင့် ၄ ကို သုံးခါ ဆက်တိုက်ယူထားမှု

ယင်းအစီအစဉ်အလိုက် ယူမှုများသည် VCE ဘာသာရပ်များနှင့်/သို့မဟုတ် VCE VET အစီအစဉ်များမှ ဖြစ်နိုင်ပါသည်။

**ကျွန်ုပ်အနေနှင့် တက္ကသိုလ်ဝင်အဆင့် ENTER ကို ဘယ်လိုရနိုင်လဲ ?**

VCE သင်ကြားမှုအမှတ်များကို သုံး၍ ဗစ်တိုးရီးယားတက္ကသိုလ်ဝင်ခွင့်ကြီးကြပ်ရေးဌါန (VTAC) က ဝင်ခွင့်အဆင့်-ENTER တစ်ခု ကိုတွက်ချက်သည်။ VTAC က တက္ကသိုလ်ဝင်ခွင့်နေရာများကို ကမ်းလှမ်းသည့်ဖြစ်စဉ်တွင် ENTER ကိုသုံးသည်။ သင့်အနေနှင့် အင်္ဂလိပ် ဘာသာ(အထက်ပါအုပ်စု)မှ ယူနစ် ၃ နှင့် ၄ နှစ်ခုစလုံးနှင့်၊ အင်္ဂလိပ်စာလိုအပ်ချက်များအပြင်၊ အခြား သုံးဘာသာရပ်မှယူနစ် ၃ နှင့် ၄ ပြီးမြောက်ထားရမည်။ ယင်းတို့အတွက် အမှတ်များကိုလည်းရရှိထားရမည်။ အချို့သော VCE နှင့် VET တွဲဘက်ယူထားသည်များအပေါ် VTAC က ကန့်သတ်ချက်များ ထားရှိသည့်အတွက်၊ သင့်အနေနှင့် သင်၏ VCE ပြီးဆုံးသည့်အခါ၊ ENTER တစ်ခုခုကို လျှောက်ရန် ရည်ရွယ်ချက်ရှိလျှင်၊ သင့် VCE တာဝန်ခံနှင့် ဤစည်းမျဉ်းများ အကြောင်းကို ဆွေးနွေးပါ။

## ကျွန်ုပ်၏ VCE ရရန် ဘာလုပ်ရမလဲ ?

VCE ရရန် ဤစာအုပ်၌ What must I do to get my certificate "ကျွန်ုပ်၏ အောင်လက်မှတ်ရရန် ကျွန်ုပ်ဘာလုပ်ရမလဲ?" အခန်းတွင် ဖော်ပြထားသည့် VCE အစီအစဉ်လိုအပ်ချက်များကို သင်လုပ်ကိုင်ဖြည့်စည်းရန် လိုအပ်ပါသည်။

သင်သည် သင့် VCE အစီအစဉ်မှ ယူနစ်များအား ကြေနပ်ဖွယ်ရာ ပြီးဆုံးမှု ရှိ-မရှိကို သင့်ကျောင်းကဆုံးဖြတ်ပါမည်။
ကြေနပ်ဖွယ်ရာပြီးဆုံးမှု ကို "S" ဖြင့် မှတ်တမ်းတင်ပါသည်။ ကြေနပ်ဖွယ်ရာ အဆင့်ကို မမှီခဲ့လျှင်၊ "N" ဖြင့် မှတ်တမ်းတင်ပါသည်။

"S" ရရန်အတွက် VCE ယူနစ်တစ်ခုစီတွင် မြော်မှန်းထားသော လုပ်ဆောင်နိုင်မှု ရလဒ် အစုများကို သတ်မှတ်ထားသည်။ ရလဒ်များဆိုသည်မှာ- သင်သိသင့်သည်များနှင့် ယူနစ်အပြီးမှာ သင်လုပ်ကိုင်နိုင်ရမည်ဟု ယူဆသည်များကို ဖော်ပြထားခြင်း ဖြစ်သည်။ ယင်းတွင် အဓိက အသိပညာနှင့် ကျွမ်းကျင်မှုများပါသည်။ VCE ဘာသာရပ်တစ်ခု၏ ယူနစ်တစ်ခုစီတွင် ရလဒ် သတ်မှတ်ချက် နှစ်ခုမှ လေးခု အထိ ရှိပါသည်။

ယူနစ် ၁ နှင့် ၂ များတွင် ကျွန်ုပ်ကို ဘယ်လိုစစ်ဆေးကြမလဲ?

ယူနစ် ၁ နှင့် ၂ စစ်ဆေးမှုကို ကျောင်း၌ပြုလုပ်သည်။ သင်မည်သို့ တိုးတက်မှုရှိနေသည်ကို သင့်ဆရာက စစ်ဆေးမှု သတ်မှတ်ချက်များ၏ အဆင့်များကို စီစဉ်မည်။ ယင်းတို့တွင် နောက်ဆုံးထားလုပ်ရမည့် ရက်စွဲများပါဝင်ပြီး၊ အကယ်၍ ယင်းရက်ကို နောက်ဆုတ်ရန်လိုပါက၊ သင့်တွင် အလွန်ခိုင်လုံသော အကြောင်းပြချက်ရှိရမည်ဖြစ်သည့်အတွက်၊ သင်၏အလုပ် များအားလုံးကို အချိန်မီပြီးရန်၊ ကောင်းမွန်စွာ ကြိုတင်စီစဉ်သင့်သည်။ အကယ်၍ သတ်မှတ်ရက်စွဲများအရ အချိန်မီမလုပ်နိုင်ခဲ့ပါက ယူနစ်ကို ကြေနပ်ဖွယ်ရာ ပြီးဆုံးနိုင်မည် မဟုတ်ပါ။

အချို့ကျောင်းများသည် ယူနစ် ၁ နှင့် ၂ တို့အတွက် "S"သို့မဟုတ် "N"ပေးသည့်အပြင်၊ စစ်ဆေးလုပ်ဆောင်မှုများအပေါ် အမှတ်အဆင့်(grade) တစ်ခုကိုလည်း သတ်မှတ်ပေးနိုင်သည်။ ယင်းအမှတ် အဆင့်များကို VCAA သို့ မပို့ပေးပါ။

ယူနစ် ၃ နှင့် ၄ တို့အတွက် ကျွန်ုပ်ကို ဘယ်လိုစစ်ဆေးမလဲ ?
ယူနစ် ၃ နှင့် ၄ တွင်၊ ယူနစ်တစ်ခုကို ကြေနပ်ဖွယ်ရာပြီးဆုံးခဲ့လျှင်၊ "S"သို့မဟုတ် "N"အပြင် သင့် စစ်ဆေးလုပ်ဆောင်မှုများအပေါ် အမှတ်အဆင့် သတ်မှတ်ချက်များလည်း ရပါမည်။

VCE သင်ကြားမှု တစ်ခုစီတွင် ယူနစ် ၃ နှင့် ၄ အဆင့် အတွက် အမှတ်ပေးစစ်ဆေးမှု သုံးခါရှိသည်။ ယင်းတို့မှာ

- ကျောင်းတွင်း စစ်ဆေးမှု နှစ်ခုနှင့် စာမေးပွဲ တစ်ခု
  သို့မဟုတ်
- ကျောင်းတွင်းစစ်ဆေးမှု တစ်ခုနှင့် စာမေးပွဲ နှစ်ခုဖြစ်သည်။

VCE သင်ကြားမှုတိုင်းတွင် စာမေးပွဲ အနည်းဆုံး တစ်ခုရှိသည်။
ယူနစ် ၃ နှင့် ၄ အဆင့်များတွင် ကျောင်းတွင်း စိစစ်မှုနှင့် စာမေးပွဲများတွင် VCAA က ကျောင်းသားအားလုံးအတွက် စစ်ဆေးမှုများကို ကြီးကြပ်သည်။

VCE VET အစီအစဉ်များတွင်လည်း ယင်း သို့ အလားတူ စိစစ်မှုလုပ်ဆောင်ချက်များရှိသည်၊ ဆိုလိုသည်မှာ ကျောင်းတွင်း စိစစ်မှုနှင့် စာမေးပွဲများရှိသည်။ သင့်ကျောင်းက မည်သည့် VCE VET အစီအစဉ်များတွင် အမှတ်ပေး၊ မပေးကို သင့်အား ပြောနိုင်ပါမည်။

ယူနစ် ၃ နှင့် ၄ အတွက် စစ်ဆေးမှု ပုံစံများ

VCE စနစ်တွင် ယူနစ် ၃ နှင့် ၄ အတွက် စစ်ဆေးမှုပုံစံ နှစ်မျိုးရှိသည်။
ပထမတစ်ခုကို ကျောင်း၌လုပ်သည်။ ဆရာ/မ က သင့်အား စစ်ဆေးမည်များကို အတန်းချိန်အတွင်း အဓိကလုပ်ဆောင်မည်။ ယင်းတို့ကို ကျောင်းတွင်း စိစစ်သော သင်တန်းလုပ်ငန်းများ (SACs) သို့မဟုတ် ကျောင်းတွင်း စိစစ်သော လုပ်ငန်းများ (SATs)ဟု ခေါ်လေ့ရှိသည်။

ဒုတိယ တစ်မျိုးမှာ VCE သင်တန်းတစ်ခုစီအတွက် စာမေးပွဲ/များ ဖြစ်သည်။ ယင်းတို့မှာ ရေးဖြေ၊ နှုတ်ဖြေ၊ လုပ်ပြမှုအရ သို့မဟုတ် အီလက်ထရောနစ်အရ ဖြစ်ကြသည်။ ၎င်းတို့၏အများကို နိုဝင်ဘာလ၌ ကျင်းပလေ့ရှိသော်လည်း အချို့ ဘာသာရပ် အနည်းငယ်ကို ဇွန် သို့မဟုတ် အောက်တိုဘာလ၌ စာမေးပွဲ–စစ်လေ့ရှိသည်။

ကျောင်းတွင်းစစ်ဆေးမှုနှင့် စာမေးပွဲများ အပါအဝင် စစ်ဆေးမှုပုံစံများအားလုံးကို VCAA ကသတိပြုပြီးစည်းစနစ်ကြီးသော လုပ်ငန်းစဉ်များထားရှိခြင်းအားဖြင့် ပြည်နယ်အတွင်းရှိ ကျောင်းများအားလုံးက အဆင့်အတန်းတစ်မျိုးတည်းမိကြစေရေး သေချာမှုရှိစေရန် လုပ်ကိုင်ဆောင်ရွက်ပါသည်။ ၎င်းတွင် စာရင်းအင်းဇယား လုပ်ငန်းစဉ်များ၊ သင့်အားစစ်ဆေးမှုများနှင့် ပတ်သက်ရာ အချက်တစ်ခုစီအပေါ် ထပ်ခါထပ်ခါတစ်လဲ ကြည့်ရှုခြင်းတို့ပါဝင်ကြသည်။

## ဂျီအေတီ (GAT) အကြောင်း

အထွေထွေ အောင်မြင်မှုစာစစ်မေးပွဲ သို့မဟုတ် GAT သည် အထွေထွေ ဗဟုသုတနှင့် စာရေးဆက်သွယ်မှု၊ သင်္ချာ၊ သိပ္ပံနှင့် နည်းပညာ၊ လူသားရေးရာ၊ ဝိဇ္ဇာ နှင့် လူမှုရေးသိပ္ပံများ ဘာသာရပ်များ၏ ကျွမ်းကျင်မှုတို့ကို စစ်ဆေးခြင်းဖြစ်သည်။
GAT သည် VCE စစ်ဆေးမှုတွင် အရေးပါသော ကဏ္ဍတစ်ခုဖြစ်သည်။ GAT ကို သင့် VCE အောင်စာရင်း သို့မဟုတ် ENTER တွင်ပါဝင်ထည့်တွက်ခြင်း မရှိသော်လည်း၊ ၎င်းသည် သင်၏ကျောင်း စိစစ်မှုများနှင့် စာမေးပွဲများကို တိကျစွာ စစ်ဆေးထားမှု ရှိ၊ မရှိကို စစ်ဆေးရာတွင် အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်သည်။
ထို့ကြောင့် သင်သည် VCE သင်တန်း၊ သို့မဟုတ် VCE VET အမှတ်ပေးသည့် အစီအစဉ်တစ်ခုခုတွင် ယူနစ် ၃ နှင့် ၄ တို့အတွက် စာရင်းသွင်းထားပါက - ၁၁ တန်း သို့မဟုတ် ၁၂ တန်းဖြစ်စေ - သင် GAT စာမေးပွဲကို ဖြေဆိုရမည်။

သင့် GAT အောင်/ရှုံးစာရင်းများကို သင့် အောင်/ရှုံးစာရင်းဖော်ပြချက် Statement of Results တွင်ဖော်ပြလိမ့်မည်။

## အောင်/ရှုံး စာရင်းကို ဘယ်လိုဖေါ်ပြသလဲ ?

**အောင်/ရှုံး စာရင်းဖော်ပြချက်**

အကယ်၍ သင်သည် ယူနစ် ၁ နှင့် ၂ သာ ယူထားလျှင်၊ သင့် အောင်/ရှုံး စာရင်း_ဖေါ်ပြချက်ကို သင့်ကျောင်းမှ ရရှိပါမည်။ အကယ်၍ သင်သည် ယူနစ် ၃ နှင့် ၄ တို့ကို ယူထားလျှင် VCAA က ဒီဇင်ဘာလတွင် သင့်ထံ စာတိုက်မှ အောင်/ရှုံးစာရင်း ဖေါ်ပြချက်ကို ပို့ပေးပါမည်။

အောင်/ရှုံးစာရင်းဖေါ်ပြချက်က သင်စာရင်းသွင်းထားသော ယူနစ် ၁၊ ၂၊ ၃၊ နှင့် ၄ တစ်ခုစီအတွက် သင် “S” သို့မဟုတ် “N”တစ်ခု ရ၊ မရ ဖေါ်ပြထားပါမည်။

သင်၏ ကျောင်းတွင်း စိစစ်သော သင်တန်းလုပ်ငန်းများ၊ ကျောင်းတွင်း စိစစ်ပေးလုပ်ငန်းများနှင့် စာမေးပွဲများတို့၏ အကဲဖြတ်ပေးမှုအတွက် အမှတ်အဆင့် A+ မှ E သို့မဟုတ် UG (အမှတ်မပေးထား) သတ်မှတ်ပေးပါလိမ့်မည်။

အကယ်၍သင်သည် အမှတ်အဆင့် နှစ်ခု သို့မဟုတ် ထို့ထက် ပို၍ရသော စစ်ဆေးမှုများနှင့်အကဲဖြတ်ခံရပြီး၊ ဘာသာရပ်တစ်ရပ်၏ ယူနစ် ၃ နှင့် ၄ နှစ်ခုစလုံးအတွက် စာသင်နှစ်တစ်နှစ် အတွင်း “S” ရခဲ့လျှင်၊ သင်သည် စာသင်ကြားမှု အမှတ်(Study Score) တစ်ခုရရှိမည်။ ယင်းကို ၀ နှင့် ၅၀ အတိုင်းအတာအတွင်း တွက်ချက်ပြီး၊ ယင်းက သင်ကြားမှုတွင် ပါခဲ့ကြ သော အခြားလူများအားလုံးနှင့်စာလျှင်၊ သင်b,fအဆင့်၌ လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့သည် ကိုပြသသည့် တိုင်းတာမှုတစ်ရပ် ဖြစ်သည်။

VCAA ကတွက်ချက်ထားသော သင်ကြားမှုအမှတ်များကိုသုံးပြီး ၊ VTAC က သင့် ENTER မည်မျှရမည်ကို တွက်ချက်မည်။ အကယ်၍သင်သည် VCE VETယူနစ်များကို ပြီးဆုံးခဲ့လျှင်၊ ယင်းတို့ကို အောင်/ရှုံးစာရင်းဖေါ်ပြချက်၌ဖေါ်ပြထားလိမ့်မည်။ အကယ်၍သင်သည် VCE VET အစီအစဉ်တစ်ခုလုံးကို ပြီးဆုံးသွားလျှင် သင့် VCE အပြင် RTO မှ အောင်လက်မှတ်သပ်သပ် တစ်စောင်ထပ်ဆင့် ရရှိမည်။ သင်သည် VCE VET အစီအစဉ်အရ စာသင်ကြားမှု အမှတ်တစ်ခုရရန် စစ်ဆေးမှုမေးပွဲကို ဖြေဆိုခဲ့လျှင်၊ သင့် ရမှတ်အား VCE စာသင်ကြားမှုများကိုပါ ဖေါ်ပြထားသည့် အောင်/ရှုံးစာရင်းဖေါ်ပြချက်တွင် ထည့်သွင်းဖေါ်ပြပါလိမ့်မည်။

**VCE အောင်လက်မှတ်**

VCE အောင်မြင်စွာပြီးရန် လိုအပ်ချက်များ အားလုံးကို သင်ဖြည့်ဆည်းပြီးပါက၊ သင် အောင်လက်မှတ်တစ်စောင် ရရှိပါလိမ့်မည်။

## အခြား ကျွန်ုပ်သိလိုလိမ့်မည့် အကြောင်းများ-

**Extension Studies တိုးချဲ့သာဘာသာရပ်များ**

VCE နှင့်အတူ တက္ကသိုလ်ပထမနှစ် ဘာသာရပ်များ ယူခြင်းကို တိုးချဲ့ဘာသာရပ်များ တက်ခြင်းဟုခေါ်သည်။ အကယ်၍ သင်သည် အဆင့်မြင့်စွာ အောင်မြင်ပြီးမြောက်လေ့ရှိပြီး ထက်တိုးအားစိုက်ထုတ်ရန်လိုလားလျှင်၊ သင်စိတ်ပါသော ဘာသာရပ်ကို တိုးချဲ့ ဘာသာရပ်တစ်ခုအဖြစ် VCE အပြင်ဘက်တွင် သင်ကြားဆည်းပူးနိုင်သည်။ တိုးချဲ့ဘာသာရပ်များသည် VCE ယူနစ်များ မဟုတ်ပါ၊ ယင်းတို့ကို VCE ကြေနပ်ဖွယ်ရာပြီးစီးမှု၏ အစိတ်အပိုင်းတစ်ခုအဖြစ်လည်း ထည့်မတွက်နိုင်ပါ။ တိုးချဲ့ဘာသာရပ်များ အစီအစဉ်များအားလုံးသည်၊ တက္ကသိုလ်ပထမနှစ် အချိန်ပြည့် သင်တန်း၏ ၂၀ ရာခိုင်နှုန်း အနည်းဆုံးရှိသည်။

သင်၏ အောင်/ရှုံးစာရင်းဖေါ်ပြချက်တွင် သင်ကြေနပ်ဖွယ်ရာ တိုးချဲ့ဘာသာ အောင်စာရင်းများကို ဖေါ်ပြထားမည်ဖြစ်ပြီး၊ သင့် ENTER အတွက် ဆတ္တမ VCE ဘာသာအဖြစ် တွက်နိုင်ချေရှိသည်။ အကယ်၍သင့်အား၊ ယင်းဘာသာနှင့်ပတ်သက်သည့် သင်တန်းတစ်ခုကို တက်ရန် ရွေးချယ်ခံရပါက၊ များသောအားဖြင့် ယင်းဘာသာကို တက္ကသိုလ်ဒုတိယနှစ် အဆင့်၌ သင်တက်နိုင်ပါသည်။

တိုး၍ ဘာသာရပ်ကိုဆည်းပူးခွင့်ရှိရန်၊ သင်သည် VCE အတွက်ပြင်ဆင်သော ဘာသာရပ်မှ ယူနစ် ၃ နှင့် ၄ ကို သင်ကြားမှုအမှတ် အနည်းဆုံး ၄၁ နှင့် ပြီးစီးထားရမည်ဖြစ်ပါသည်။ တက္ကသိုလ်တွင်၊ တိုး၍ဘာသာယူနိုင်ခြေနှင့် ပတ်သက်၍၊ သင့်အား သင့်ကျောင်းက အကြံပေးပါမည်။

**တက္ကသိုလ် သို့မဟုတ် တေ့ဖ် TAFE သို့ ဘယ်လိုဝင်နိုင်မလဲ?**

ယူနစ် ၃ နှင့် ၄ တို့အတွက် ရရှိထားသော VCAA စာသင်ကြားမှုအမှတ်များကို သုံးပြီး၊ VTAC က သင့် ENTER ကိုတွက်ချက်ပါသည်။ VEC VET အစီအစဉ်နှင့် တိုး၍ဘာသာသင်တန်းများ အပါအဝင်၊ အခြားသင်တန်းများမှ အမှတ်များကိုလည်း သင့် ENTER ကိုတွက်ချက်ရာတွင် ထည့်သွင်းနိုင်သည်။

ENTER သည် အခြားကျောင်းသားများနှင့် နှိုင်းယှဉ်လျှင် ကျောင်းသားတစ်ယောက်၏ ဖြစ်မြောက်အောင်မြင်မှုကို ခြုံ့ငုံတိုင်းတာခြင်းဖြစ်သည်။ ဤသို့အားဖြင့် VCE ဘာသာမျိုးစုံပေါင်းစပ်ထားသည်များကို ပြီးစီးခဲ့သည့် ကျောင်းသားများကို တက္ကသိုလ်များက နှိုင်းယှဉ်သုံးသပ်နိုင်ပြီး၊ ယင်းကို သင့်အား အဆင့်အတိုင်းအတာအရ ၀. ၀၀ နှင့် ၉၉. ၉၅ အကြား အမှတ်ပေး ပါသည်။

ယင်းသို့ လုပ်ဆောင်ဆင့်များနှင့် တက္ကသိုလ် ရွေးချယ်မှုများကို အောက်ပါ VTAC ပုံနှိပ်ထုတ်ဝေမှုများတွင် ပိုမိုဖတ်ရှုနိုင်ပါသည်။

- တက္ကသိုလ်သို့ တက်ရောက်ခြင်း Enter into Tertiary Study (VTAC ဝက်ဗ်ဆိုက်သာ)
- အချိုးကျတွက်မှု အခြေခံ ABC of Scaling (ဒီဇင်ဘာတွင်ပို့သော ENTER ဖော်ပြချက်နှင့်အတူ မိတ္တူတစ်ခုပို့သည်။)
- ရွေးချယ်ခြင်း Choice ! (ကျောင်းများ၌ ၁၀ တန်း စာအုပ်ရနိုင်သည်။)
- VTAC လမ်းညွှန် ၂၀၁၀၊ VTAC Guide 2010 (သတင်းစာအုပ်ဆိုင်များ၌ လက်လီ ဒေါ်လာ ၁၅/- နှင့် VTAC ဝက်ဗ်ဆိုက်တို့တွင် ရနိုင်သည်။)
- ၁၁ တန်းအတွက် ဗစ်တိုးရီးယန်း တက္ကသိုလ်ဝင် လိုအပ်ချက်များ (VIC TER) ၂၀၁၁၊ သို့မဟုတ် ၁၀ တန်းအတွက် VIC TER ၂၀၁၂ (ကျောင်းများမှာ ရနိုင်သည်။)
- VTAC ဝက်ဗ်ဆိုက် www.vtac.edu.au
- VCE အောင်လက်မှတ်များနှင့် ဆုချီးမြှင့်မှုများ
  အောက်ပါအောင်လက်မှတ်များနှင့် ဆုချီးမြှင့်မှုများ အကြောင်းတို့ကို VCAA ဝက်ဗ်ဆိုက် www.vacc.vic.edu.au/excellenceawards/ တွင် တွေ့နိုင်ပါသည်။
- ထူးချွန်ပြောင်မြောက်မှု အခါသမယ Season of Excellence
  နည်းပညာ၊ မျက်မြင်နှင့်သရုပ်ဖော် အနုပညာသင်တန်းများမှ ကျောင်းသားများ၏ ပြောင်မြောက်သော ထိပ်ဆုံးသရုပ်ဆောင်၊ ထိပ်ဆုံးအနုပညာ၊ ထိပ်ဆုံးအတန်း၊ ထိပ်ဆုံး ဒီဇိုင်းဆွဲခြင်း နှင့် ထိပ်ဆုံး ရုပ်ရှင် ရိုက်လက်ရာလက်စွမ်းများကို ဂုဏ်ပြုချီး မြှင့်သည်။
- VCE အောင်နိုင်သူများဆု VCE Achievers Award
  ကျောင်းသားများ၏ ခေါင်းဆောင်မှုနှင့် သူတို့၏ ကျောင်းနှင့် အသိုင်းအဝိုင်းအတွက် လုပ်ဆောင်ပေးမှုများကို အသိအမှတ်ပြုခြင်းဖြစ်ပါသည်။
- အင်္ဂလိပ်ဘာသာစကားကို ကောင်းစွာပြောဆိုနိုင်ခြင်းဆု
  ၁၀၊ ၁၁ နှင့် ၁၂ တန်းများတွင် ကျောင်းသားများသည် ပြည်နယ် အဆင့် လူထုရှေ့ စကားပြောပြိုင်ပွဲများတွင်ဝင်ရောက် ယှဉ်ပြိုင်နိုင်သည်။
- မာဂရက် ရှိုဖီးလ် အောက်မေ့ဘွယ် တေးဂီတပညာသင်ဆု Margaret Schofield Memorial Music Scholarship
  အစိုးရကျောင်းတက်သူများဖြစ်ကြလျှင် VCE တေးဂီတ ဖျော်ဖြေရေး သင်တန်းသားများသည် ဤနှစ်စဉ်ပေးသော ပညာသင်ဆုကို လျှောက်ထားနိုင်ကြသည်။
- အခြားဆုများတွင်၊
  ပြည်နယ်ဝန်ကြီးချုပ်၏ VCE ဆုများ၊
  ဩစတြေးလျား ကျောင်းသားဆု၊
  ဩစတြေးလျား အသက်မွေးဝမ်းကျောင်းသားဆုများတို့ ပါဝင်ကြပါသည်။

## အသက်မွေးဝမ်းကြောင်းပညာရေးနှင့် လေ့ကျင့်ရေးသင်တန်း (VET) အကြောင်း

သင့် VCE တွင် VET ကို တစ်စိတ်တစ်ပိုင်းပါစေရန် - နည်းလမ်း**သုံးမျိုး**ရှိပါသည်။ အကယ်၍ သင်သည် ဤနည်းတစ်မျိုးမျိုးဖြင့် သင့် VET အရည်အချင်းကို ပြီးမြောက်ခဲ့လျှင် VCE အတွက် အမှတ်ရသကဲ့သို့ RTO မှလည်း အောင်လက်မှတ်တစ်စောင်ရရှိပါမည်၊

**၁။ VCE VET အစီအစဉ်များ**

VCE VET ကျောင်းသားများသည် သူတို့၏ VCE တစ်စိတ်တစ်ပိုင်းအနေဖြင့် အသက်မွေးဝမ်းကျောင်းသင်တန်း အစီအစဉ်များကို တက်ကြသည်။ လောလောဆယ်တွင် VCE VET အစီအစဉ်များ ရွေးစရာ ၃၀ ကျော်ရှိသည်။ ရွေးချယ်စရာ VCE VET အစီအစဉ်များ စာရင်းကို VCAA ဝက်ဗ်ဆိုက် www.vcaa.vic.edu.au တွင်ကြည့် ရှုနိုင်သည်။

VCE VET ကသင့် VCE ကိုကြေနပ်ဖွယ်ပြီးဆုံးစေရန် ပံ့ပိုးပေးနိုင်ပြီး ဩစတြေးလျားအနှံ့ အသိအမှတ်ပြု အရည်အချင်းကို လည်းပေးအပ်ပါမည်။ ထိုမှတဖန် ရှေ့ဆက်ပညာသင်ကြားရန်၊ ဥပမာ၊ TAFE ကောလိပ်သင်တန်းသို့ တက်ရောက်ရန်လည်း ဖြစ်မြောက်စေနိုင်သည်။

VCE VET အစီအစဉ်များမှ ယူနစ် ၃ နှင့် ၄ ကို၊ VTAC မှ ENTER အမှတ်များတွက်ချက်ရာတွင် ထည့်သွင်းနိုင်ပါသည်။

အကယ်၍ သင့်အနေဖြင့် လုပ်ငန်းတစ်ခုခု၌ အလုပ်လုပ်ကိုင်ရန် စိတ်ဝင်စားလျှင်၊ သင့် VCE အတွက်၊VCE VET အစီအစဉ်တစ်ခုက၊ မည်သို့ပံ့ပိုးပေးနိုင်ကြောင်းကို သင့်ကျောင်းရှိ VCE သို့မဟုတ် VET တာဝန်ခံအား မေးမြန်းကြည့်ပါ။

**၂။ ကျောင်းတွင်း အခြေခံသော အလုပ်သင် သို့မဟုတ် လေ့ကျင့်ရေး သင်တန်းများ**

VCE ရရှိရန် တက်ရသော အသက်မွေးဝမ်းကျောင်း သင်တန်းတစ်မျိုးအနေဖြင့် ကျောင်းတွင် အခြေခံသော အလုပ်သင် သင်တန်းများ ထားခြင်းဖြစ်သည်။ ယင်းသို့ အလုပ်သင် သို့မဟုတ် သင်တန်းသူ/သားဖြစ်ရန်- သင်သည် ဝင်ငွေရသော အလုပ်လုပ်နေပြီး၊ လေ့ကျင့်ရေးဆိုင်ရာ စာချုပ်တစ်ခုကို လက်မှတ်ရေးထိုးလျက် စကေးလ်စ် ဗစ်တိုးရီးယား (Skills Victoria) ၌ မှတ်ပုံတင်ထားပြီးဖြစ်ရမည်၊ သို့ဖြစ်လျှင် သင့် VCE အစီအစဉ်၌

- ကျောင်းတွင်း VCE ဘာသာရပ်များ
- အာရ်တီအို(RTO) တစ်ခု၌၊ ဥပမာ TAFE ကောလိပ်တစ်ခု၌ အသက်မွေးဝမ်းကျောင်း သင်တန်းတက်နေမှု
- သင်တက်နေသော သင်တန်းနှင့် စပ်ဆိုင်သည့် လုပ်ငန်းလောကအတွင်း လုပ်ခရသော အလုပ်ကို အချိန်ပိုင်း လုပ်ကိုင်နေခြင်း တို့ပါဝင်ကြမည်ဖြစ်သည်။

လောလောဆယ်တွင် ကျောင်းတွင်း အခြေခံသော အလုပ်သင် သို့မဟုတ် လေ့ကျင့်ရေးသင်တန်းများကို VCE ရရန်အတွက်၊ လုပ်ငန်းဌာနပေါင်း ၁၁ ခု၌တက်ရောက်နိုင်ပါသည်။ ကျောင်းတွင်း သို့မဟုတ် အချိန်ပိုင်း အလုပ်သင် နှစ်ခုစလုံးနှင့် လေ့ကျင့်ရေးများကို ရနိုင်သည့် အခြားလုပ်ငန်းဌာနများ အများအပြားရှိပါသေးသည်။

VCE VET အစီအစဉ်များတိုင်း ကျောင်းတွင်း အခြေခံသော အလုပ်သင် သို့မဟုတ် လေ့ကျင့်ရေးသင်တန်းတက်သည့် အရည်အချင်းတစ်ခုက သင့်ကို VCE လက်မှတ်ရရှိစေရန်၊ ယူနစ် ၁ - ၄ အတွက် အမှတ်များပေးပါသည်။ VCE VET အစီအစဉ်များက ENTER ရစေသည့် နည်းအတိုင်း ကျောင်းတွင်း အခြေခံသော အလုပ်သင် သို့မဟုတ် လေ့ကျင့်ရေး သင်တန်းတက် အစီအစဉ်များမှလည်း ရရှိစေသည်။

သင့်အတွက် ကျောင်းတွင်း အခြေခံသော အလုပ်သင် သို့မဟုတ် လေ့ကျင့်ရေးသင်တန်းတက် အစီအစဉ်ကို မည်သို့ လုပ်ပေးရန် သင့်ကျောင်းကို တောင်းဆိုပါ။

VCE VETနှင့် ကျောင်းတွင်းအခြေခံသော အလုပ်သင် သို့မဟုတ် လေ့ကျင့်ရေးသင်တန်းတက် အစီအစဉ်များသည် ကျောင်းသားတစ်ဦး ၏ VCAL သင်ကြားမှု အစီအစဉ်၏ တစ်စိတ်တပိုင်းဖြစ်စေနိုင်သည်။ VCAL ကို ဤစာအုပ်နောက်ပိုင်းတွင် ရှင်းပြထားသည်။

**၃။ အမှတ်ပေါင်းမှု(Block Credit)**
အကယ်၍ VCE VET အစီအစဉ် သို့မဟုတ် ကျောင်းတွင်း အခြေခံသော အလုပ်သင် သင်တန်းအဖြစ် မရှိသော အသက်မွေးဝမ်းကျောင်း သင်တန်းတစ်ခုခုကို တက်ရန်စိတ်ဝင်စားပါက၊ ယင်းသင်တန်းကို သင့် VCEလက်မှတ်ရရှိရေးအတွက် ထည့်တွက်နိုင်ရန် လုပ်နိုင်ခြေရှိပါသည်။
*အမှတ်ပေါင်းမှုသည် ယင်းသို့ စီစဉ်မှုအတွက် အခေါ်အဝေါ်ဖြစ်သည်။ ယင်းအတွက် စည်းမျဉ်းများ ပိုမိုသိရှိရန်၊ သင့် VCE၊ သို့မဟုတ် VET တာဝန်ခံအား မေးမြန်းပါ။*

## VCAL အကြောင်း

**VCAL ဆိုတာဘာလဲ?**
Victorian Certificate of Applied Learning (VCAL) သည် VCE အစား တက်ခြင်းဖြစ်ပြီး၊ ၁၁ တန်းနှင့် ၁၂တန်း ကျောင်းသားများ အတွက် လက်တွေ့ လုပ်ကိုင်ခြင်းကို ရွေးချယ်မှုတစ်ရပ်ဖြစ်သည်။ VCAL တက်ခြင်းအားဖြင့်

- အလုပ်နှင့် စပ်ဆိုင်သော လက်တွေ့အတွေ့အကြုံ
- အလုပ်ရနိုင်ခြေရှိသည့် ကျွမ်းကျင်မှုများ
- စာအရေးအဖတ်နှင့် အတွက်အချက်ကျွမ်းကျင်မှုများ
- အလုပ်နှင့် ဘဝတွင် အရေးကြီးသော ကိုယ်ရည်ကျွမ်းကျင်မှုများတို့ကို- ရရှိစေပါသည်။

VCAL တက်သည့်ကျောင်းသားများသည် ရှေ့ဆက်ပြီး TAFE များတွင် လေ့ကျင့်ရေးသင်တန်းတက်ခြင်း၊ အလုပ်သင်တက်ခြင်း၊ သို့မဟုတ် ကျောင်းပြီးချိန်တွင် အလုပ်လုပ်ကိုင်လိုခြင်းတို့ကို စိတ်ဝင်စားရန် ဖြစ်နိုင်ခြေရှိပေသည်။ သင့် VCAL ပြီးဆုံးသွားပါက၊ သင် အလုပ်အကိုင် သို့မဟုတ် လုပ်ငန်းနှင့် စပ်ဆိုင်ရာ လက်မှတ်တစ်ခုခုရရှိရန် ပြင်ဆင်ဖို့ လိုအပ်မည့် အသိပညာနှင့် ကျွမ်းကျင်မှုများတို့ကို ရရှိပြီးဖြစ်နေမည်။

VCAL တွင် အဆင့်သုံးဆင့် - အခြေခံ၊ အလတ်တန်းနှင့် အကြီးတန်း-ရှိပါသည်။ သင်သည် သင့်VCALကို သင့်လိုအပ်ချက်နှင့် လုပ်နိုင်ခြေများဖြင့် ကိုက်ညီသည့် အဆင့်တွင် စတင်ပြီး၊ ပြီးစီးရပါလိမ့်မည်။ အလတ်တန်းနှင့် အကြီးတန်း VCAL ယူနစ်များ လည်း VCE အစီအစဉ်တစ်ခု ဖြစ်မြောက်ရေးတွင် ပံ့ပိုးပေးနိုင်ပါသည်။

သင့်စိတ်ဝင်စားမှုနှင့် သင်ကြားရန် လိုအပ်ချက်များဖြည့်စေသော သင်ကြားမှုကို ၍ ပြောင်းလဲ ပြုနိုင်စွမ်းအား VCAL ကပေးပါသည်။ သင်က အောက်ပါ မသင်မနေရ လမ်းကြောင်းအုပ်စုမျှင်များမှ အသိအမှတ်ပြု သင်ရိုးအစိတ်အပိုင်းများနှင့် ယူနစ်များကို ရွေးရမည်။

- စာအရေး အဖတ်နှင့် အတွက်အချက် ကျွမ်းကျင်မှု
- သီးသန့် လုပ်ငန်း ဌာန ကျွမ်းကျင်မှု
- အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု
- ကိုယ်ရည် ဖွံ့ဖြိုးရေး ကျွမ်းကျင်မှု

**ဘာလုပ်ချင်သည်ကို ကျွန်ုပ် မဆုံးဖြတ်ခဲ့ရသေးလျှင် ဘာဖြစ်မလဲ_?**

သင်မဆုံးဖြတ်ရသေးလျှင် ၁၁ တန်းအတွက် VCAL သည် အလွန်ကောင်းသော ရွေးချယ်မှု တစ်ခုဖြစ်သည်။ ၁၁ တန်း၊ သို့မဟုတ် ၁၂ တန်း တွင် VCAL ပြီးဆုံးအောင်သင်ရန် သင်ရွေးချယ်နိုင်ပြီး၊ နောက်ပိုင်းတွင် နောက်ထပ် VCAL လက်မှတ် အဆင့်၌ ရှေ့ဆက် ပညာဆည်းပူးခြင်း၊ သို့တည်းမဟုတ် လေ့ကျင့်ရေးသင်တန်းတက်ခြင်း၊ သို့မဟုတ် အလုပ်ခွင်၌ဆက်လက်၍ လေ့ကျင့်ရေး သင်တန်းတက်ခြင်း သို့မဟုတ် အလုပ်သင်အဖြစ် ဆက်လက်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

## ကျွန်ုပ်သိသင့်သည်မှာ-

**VCAL ကို ကျွန်ုပ် ဘယ်တော့လုပ်နိုင်မလဲ?**

အထက်တန်းကျောင်း၏ ၁၁ တန်း သို့မဟုတ် ၁၂ တန်းတွင် သင့် VCAL အစီအစဉ်ကို စတင်နိုင်သည်။

**VCALကို ဘယ်မှာ ကျွန်ုပ်လုပ်နိုင်မလဲ ?**
ပြည်နယ်အနှံ့တွင်ရှိသောကျောင်းများ၊ TAFE ကောလိပ်များနှင့် ဝန်းကျင်တွင်းလူကြီးပညာရေး Adult Community Education ဌာနများတွင် VCAL ကိုရရှိနိုင်သည်။ VCAL ရနိုင်သော ဌာနများ၏စာရင်းကို သိလိုပါက www.vcaa.vic.edu.au တွင်ကြည့်ပါ။

**သင်တန်းဝင်ရန် သတ်မှတ်ချက်များရှိပါသလား ?**
မရှိပါ။ သင့်စွမ်းရည်များအရ၊ သင့်လျော်သော အဆင့်ဖြင့်၌ VCAL ကိုစတင်ရပါမည်။ မည်သည့်အဆင့်က သင့်အတွက် သင့်လျော်မည်ကို သင်ဆုံးဖြတ်ရန်၊ သင့် ဆရာ/မ၊ သို့မဟုတ် အလုပ်လမ်းကြောင်း အကြံပေး အရာရှိက ကူညီနိုင်ပါမည်။

**ကျွန်ုပ် VCAL ပြီးဆုံးအောင် ဘယ်လောက်ကြာမလဲ ?**
သင့် VCAL အစီအစဉ်ဆွဲထားသည့် အပေါ်မူတည်ပြီး၊ မည်မျှအချိန်ပေးရသည်မှာ ကွာခြားနိုင်ပါသည်။ များသောအားဖြင့် VCAL လက်မှတ်မှာ တစ်နှစ်အတွင်းပြီးမြောက်ပါသည်။

**VCAL ကိုအောင်မြင်စွာ ပြီးမြောက်ပြီးနောက် ကျွန်ုပ်ဘာရမလဲ ?**
သင်ကရွေးချယ်ခဲ့သည့် VCAL အဆင့်အပေါ်တည်ပြီး သင်သည် VCAL လက်မှတ်ကို အခြေခံ၊ အလတ်တန်း သို့မဟုတ် အကြီးတန်း အဆင့်အတွက် ရပါမည်။ သင်သည် VCAA ထံမှ အောင်/ရှုံးစာရင်း ဖေါ်ပြချက်ကို သင်တက်ပြီးစီးခဲ့သည့် VCAL,VCE နှင့် VCE VET ယူနစ်များ အတွက်နှင့် VETနှင့် နောက်ဆက် ပညာရေး သင်တန်းတက်ပြီးခဲ့သည့် RTO ထံမှ၊ ပြီးမြောက်မှုဖေါ်ပြချက် လက်မှတ်တစ်စောင် တို့ကို လည်းရရှိပါလိမ့်မည်။

## ကျွန်ုပ်ဘာကို သင်ကြားရမလဲ?

သင့်ဆရာ/မ၊ သို့မဟုတ် အလုပ်လမ်းကြောင်းများ အကြံပေးအရာရှိက သင်၏ သီးသန့်သင်ကြားရေးလိုအပ်ချက်များနှင့် သင်စိတ်ဝင်စားမှုများနှင့် သင့်တော်သည့် VCAL အစီအစဉ်ကို ကူညီရေးဆွဲပေးနိုင်သည်။
အောက်ဖေါ်ပြပါ VCAL အုပ်စုမျှင် ၄ ခုစီမှ ယူနစ်များနှင့် သင်ရိုးအစိတ်ပိုင်းများကို သင်ရွေးချယ်နိုင်သည်။

**အုပ်စုမျှင် ၁ - အရေးအဖတ်နှင့် အတွက်အချက် ကျွမ်းကျင်မှုများ**
သင့် VCAL အစီအစဉ်တွင် အရေးအဖတ်နှင့် အတွက်အချက် ဘာသာရပ်များ ပါဝင်ရမည်။ ယင်းတို့ကို VCAL အရေးအဖတ် ကျွမ်းကျင်မှုများနှင့် VCALအတွက်အချက် ကျွမ်းကျင်မှုများ ယူနစ်များ၊ VCE အင်္ဂလိပ်နှင့် သချာ်၊ သို့မဟုတ် လူကြီးများအတွက် အထွေထွေ ပညာရေးလက်မှတ်ကဲ့သို့သော ရှေ့ဆက်ပညာရေး သင်ကြားမှုများတို့မှ ရွေးချယ်နိုင်သည်။

**အုပ်စုမျှင် ၂ - သီးသန့် လုပ်ငန်းဌာန ကျွမ်းကျင်မှုများ**
သင်၏ VCAL အလတ်တန်း၊ သို့မဟုတ် အကြီးတန်း အစီအစဉ်တွင် VET လက်မှတ်များမှ ယူနစ်များပါရှိရမည်။ သို့ဖြစ်သော်ငြားလည်း သင့်အနေနှင့် မည်သည့် VET လက်မှတ်တစ်ခုကိုမျှ စုံစိုက်ရန်၊ သို့မဟုတ် ပြီးမြောက်ရန် မလိုအပ်ပါ။ ဥပမာ၊ VCAL လိုအပ်ချက်များကို ဖြည့်စည်းရန် VET လက်မှတ်အမျိုးစုံ များမှ သင်ရိုးအစိတ်အပိုင်းများ၊ သို့မဟုတ် ယူနစ်များကို သင်ရွေး ချယ်နိုင်ပြီး၊ ကျယ်ပြန့်သော အသက်မွေးဝမ်းကျောင်းများမှလည်း အတွေ့အကြုံရယူနိုင်သည်။ VETရွေးချယ်မှုများမှာ ကျယ်ပြန့်စွာ ရှိပြီး ဥပမာပေးရလျှင်၊ မော်တော်ယာဉ်လုပ်ငန်း၊ စက်မှုပညာ၊ အဆောက်အဦနှင့် ဆောက်လုပ်ရေး၊ ဧည့်ဝတ်လုပ်ငန်း၊ လက်လီလုပ်ငန်း၊ မီဒီယာ(ပြန်ကြားဆက်သွယ်ရေး) ပေါင်းစုံ၊ သတင်းနည်းပညာ၊ စိုက်ပျိုးရေး၊ သီးနှံပန်းမန်၊ ကုန်လှောင်ရေးနှင့် ဆံသနှင့် အလှပြုပြင်ရေးတို့ပါဝင်ကြသည်။

**အုပ်စုမျှင် ၃ - အလုပ်ဆိုင်ရာ ကျွမ်းကျင်မှုများ**
အလုပ်ရရှိနိုင်ခြေကျွမ်းကျင်မှုများ တိုးတက်ဖွံ့ဖြိုးစေရန်အတွက်၊ VCAL က သင့်အား၊ စနစ်ကျစီစဉ်ထားပြီးသား အလုပ်ခွင်သင်ကြားရေး နေရာချထားမှုကိုသော်၄င်း၊ သို့မဟုတ် ကျောင်းတွင်း အခြေခံသော အလုပ်သင် သို့မဟုတ် လေ့ကျင့်ရေးသင်တန်းနှင့်/သို့မဟုတ် အချိန်ပိုင်း အလုပ်တို့ကို ရွေးချယ်ခွင့်ပြုပါသည်။ သင် အလုပ်လုပ်ရန် ကြိုတင်ပြင်ဆင်မှုများဖြစ်စေသည့် ယူနစ်များနှင့် သင်ရိုးအစိတ်ပိုင်းများ၊ ဥပမာ လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးကင်းရေး၊ သို့မဟုတ် အလုပ်အတွက် လူတွေ့မေး မြန်းခြင်း ကျွမ်းကျင်မှုတို့ကိုလည်း သင်ကြားနိုင်ပါသည်။

**အုပ်စုမျှင် ၄ - ကိုယ်ရည်ဖွံ့ဖြိုးရေး ကျွမ်းကျင်မှုများ**
သင့် VCAL အစီအစဉ် တစ်ပိုင်းတစ်စ အနေဖြင့်၊ သင်သည် လူမှုအဖွဲ့အစည်း အခြေခံသောလုပ်ငန်းများနှင့်/သို့မဟုတ် စနစ်ကျသတ်မှတ်ထားပြီးဖြစ်သော ဆောင်ရွက်လုပ်ကိုင်မှုများ ၌ ပါဝင်လုပ်ဆောင်ခြင်းအားဖြင့်၊ အဖွဲ့အုပ်စုလိုက် လုပ်ကိုင်နိုင်မှု၊ မိမိကိုယ် ယုံကြည်စိတ်ချမှုနှင့် ဘဝနှင့် အလုပ်အကိုင်အတွက် အရေးကြီးသော အခြားကျွမ်းကျင်မှုများကို သင့်၌ တိုးတက်ဖွံ့ဖြိုးလာစေရန် ထောက်ကူပေးပါသည်။

## ကျွန်ုပ်၏ VCAL ရရန် ဘယ်ဟာတွေ ထည့်တွက်နိုင်သလဲ?

**ကျွန်ုပ်သည် VET လက်မှတ်အတွက် စခဲ့ပြီးပြီ၊ ဒါကို ကျွန်ုပ်၏ VCAL အတွက် ထည့်တွက်နိုင်မလား ?**
ဟုတ်ပါ၏။ သင့် ဆရာ/မ၊ သို့မဟုတ် အလုပ်လမ်းကြောင်း အကြံပေးအရာရှိ နှင့် သင့် VCAL အတွက် ယခင်က သင်ကြားမှုများ မည်မျှအကျိုးဝင်ပြီး၊ ကျန်ရှိနေသည့် သင်၏ VCAL အစီအစဉ်အတွက် စီမံရေးဆွဲရန်၊ဆွေးနွေးပါ။

**ကျွန်ုပ် VCE ဘာသာရပ်တစ်ခု ပြီးခဲ့ပြီ။ ဒါက ကျွန်ုပ်၏ VCAL တွင်ပါဝင်မလား ?**
ဟုတ်ပါ၏။ သင့်မှာ VCE ယူနစ်အတွက် "S" တစ်ခုရခဲ့ပြီးဖြစ်လျှင်၊ သင့် VCAL ရရေးအတွက် အကျုံးဝင်ပါလိမ့်မည်။
သင့်ဆရာ/မ၊ သို့မဟုတ် အလုပ်လမ်းကြောင်း အကြံပေးအရာရှိကိုမေးပြီး၊ ကျန်ရှိနေသေးသည့် သင့် VCAL အစီအစဉ်အတွက် စီမံရေးဆွဲပါ။

**အကယ်၍ ကျွန်ုပ်စိတ်ပြောင်း လျှင်၊  VCE သို့ပြောင်း နိုင်သလား ?**
ရပါတယ်။ အကယ်၍သင်သည် VCE သို့ပြောင်း လိုလျှင်၊ သို့မဟုတ် VCAL ကို ပြီးဆုံးပြီးနောက် VCE ရရန်သင်ကြားလိုလျှင်၊ သင်အောင်မြင်စွာ ပြီးဆုံးခဲ့သည့် အလတ်တန်း/အကြီးတန်း VCAL ၏ မည်သည့်ယူနစ်များကိုမဆို သင့် VCE အတွက် ထည့်တွက်နိုင်ခြေရှိသည်။ သင့် VCAL တစ်ပိုင်းတစ်စအတွက် ပြီးစီးခဲ့သော အခြား VET/ Further Education ယူနစ်များနှင့် အစိတ်အပိုင်းများအတွက် ရရှိပြီး အမှတ်များကိုလည်း ပြောင်းရွှေ့နိုင်ခြေလည်းရှိသည်။ အကယ်၍ သင်သည်ဤလမ်းကြောင်းကို ရွေးချယ်ရန်ဆုံးဖြတ်လျှင်၊ ဤအကြောင်းကို သင့်ဆရာ/မ၊ သို့မဟုတ် အလုပ်လမ်းကြောင်း အကြံပေးအရာရှိနှင့် ဆွေးနွေးပါ။

**ကျွန်ုပ်၏ VCALအစီအစဉ် အစိတ်အပိုင်းအနေဖြင့်၊ ကျောင်းတွင်း အခြေခံသော အလုပ်သင်၊ သို့မဟုတ် လေ့ကျင့်ရေးသင်တန်းကို ပြီးဆုံးသည်အထိ တက်နိုင်မလား ?**
ကျောင်းတွင်းအခြေခံသော အလုပ်သင်၊ သို့မဟုတ် လေ့ကျင့်ရေးသင်တန်းသည်၊ VCAL သင်ရိုးညွှန်းတန်း အုပ်စုမျှင် လိုအပ်ချက်များ ၄ ခုအနက် ၂ ခုဖြစ်သော သီးသန့်လုပ်ငန်းဌာနနှင့် အလုပ်ခွင်ဆိုင်ရာ ကျွမ်းကျင်မှုများကို ဖြည့်စည်းပေးသဖြင့်၊ ကျောင်းသူကျောင်းသားတစ်ဦး၏ VCAL အစီအစဉ်နှင့် အံကိုက်ဖြစ်သည်။
ကျောင်းတွင်း အခြေခံသော အလုပ်သင် သို့မဟုတ် လေ့ကျင့်ရေးသင်တန်းအကြောင်းကို ပိုမိုသိလိုပါက၊ အလုပ်သင်နှင့် လေ့ကျင့်ရေးသင်တန်းသား အကြောင်းဖေါ်ပြထားသည့် အပိုင်းကဏ္ဍတွင် ဖတ်ကြည့်ပါ။

အချိန်ပိုင်းအလုပ်ကို ကျွန်ုပ်၏ VCALတွင် ထည့်တွက်မလား ?
သင့် VCALအတွက် အချိန်ပိုင်း အလုပ်မှ အမှတ်တွက်နိုင်ပါလိမ့်မည်။ သင့် VCALအတွက် ထည့်တွက်နိုင်သည့် အလုပ်များတွင်

- ကျောင်းတွင်း အခြေခံသော အလုပ်သင်နှင့် လေ့ကျင့်ရေးသင်တန်း
- လုပ်အားပေးအလုပ်
- စနစ်တကျစီစဉ်ထားပြီးသား အလုပ်ခွင် သင်ကြားခြင်းနေရာချထားမှုများတို့ ပါဝင်နိုင်ပါသည်။

## VCAL ကိုမည်သို့စိစစ်သလဲ?

သင်၏ VCAL အစီအစဉ်အတွင်း အသိအမှတ်ပြုသင်တန်းများ/လက်မှတ်များကို သင်၏ ဆရာ/မ၊ နှင့်/သို့မဟုတ် RTO က အကဲဖြတ်စိစစ်ဆေးပါသည်။
မိမိတို့၏ VCAL တွင် VCE ဘာသာရပ်များကို ထည့်သွင်းထားသည့် ကျောင်းသားများသည်၊ ဤစာအုပ်အတွင်း VCE အပိုင်းတွင် စိစစ်ရေး အကြောင်းကို ပိုမိုသိရှိရန် ဖတ်ကြည့်နိုင်ပါသည်။

## ကျွန်ုပ်၏ VCAL ရရန် ဘာလုပ်ရမလဲ?

သင့်အနေဖြင့် VCAL ရရန်၊ အနည်းဆုံး ၁၀ ဘာသာရပ်(ယူနစ်များ) ပါရှိသော သင်တန်းအစီအစဉ်တစ်ရပ်ကို အောင်မြင်စွာ ပြီးဆုံးရပါမည်။ အချိန် ၁၀၀ နာရီက ဘာသာရပ်အမှတ် ၁ မှတ်ရရှိစေပါသည်။ ယင်းအစီအစဉ်တွင် ပါဝင်ရမည်များမှာ၊

- VCAL သင်ရိုးညွှန်းတမ်း အုပ်စုမျှင် တစ်ခုစီ(အရေးအဖတ်နှင့် အတွက်အချက် ကျွမ်းကျင်မှုများ၊ သီးသန့်လုပ်ငန်း ဌာနကျွမ်းကျင်မှုများ၊ အလုပ်ပိုင်းဆိုင်ရာကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ဖွံ့ဖြိုးရေး ကျွမ်းကျင်မှုများ)အတွက် အနည်းဆုံး ဘာသာရပ် အမှတ် ၁ မှတ်၊
- VCALယူနစ် အနည်းဆုံး ၂ ခု
- အတွက်အချက် အတွက် ဘာသာရပ် ၁ မှတ်
- ကြိုးပမ်းနေသော VCALအဆင့်အတွက် ဘာသာရပ်အမှတ် ၆ မှတ်(အခြေခံ၊ အလတ်တန်း သို့မဟုတ် အကြီးတန်း) သို့မဟုတ် ယင်းအဆင့်အထက် ဖြစ်ရမည်။ ယင်းတို့အနက် ဘာသာရပ်အမှတ်တစ်ခုသည် အရေးအဖတ်အတွက် ဖြစ်ရမည်ဖြစ်ပြီး၊ ကိုယ်ရည်ဖွံ့ဖြိုးမှု ကျွမ်းကျင်မှုများအတွက် ဘာသာရပ် ၁ မှတ်ဖြစ်ရမည်။ အလယ်တန်းနှင့် အကြီးတန်းအဆင့် VCALအစီအစဉ်တွင် အနည်းဆုံး နာရီ ၁၀၀ စုစုပေါင်းရှိသော VET ပါဝင်ရမည်။
  VCE ဘာသာရပ်များနှင့် ရှေ့ဆက်ပညာရေးယူနစ်များလည်း VCAL အစီအစဉ်တစ်ခုတွင် ပါဝင်နိုင်သည်။ နာရီ ၁၀၀ ရှိပြီးသော ရှေ့ဆက်ပညာရေးယူနစ်အတွက် ဘာသာရပ် ၁ မှတ်ကို ပေးပါသည်။

## အောင်/ရှုံး အခြေဘယ်လို တင်ပြသလဲ?

**အောင်/ရှုံးစာရင်းဖော်ပြချက်**

သင်သည် VCALတက်နေပြီး၊ VCE ယူနစ် ၃ နှင့် ၄ ဘာသာရပ်တစ်ခုကိုမျှ မယူခဲ့လျှင် သင့်အောင်/ရှုံးစာရင်း ဖော်ပြချက်ကို သင့် ကျောင်းမှတဆင့်ရရှိပါမည်။အကယ်၍သင်သည် VCE ယူနစ် ၃ နှင့် ၄ ဘာသာရပ်များကို ယူခဲ့လျှင် သင့်အောင်/ရှုံး စာရင်းဖော်ပြချက်ကို ဒီဇင်ဘာလတွင် သင့်ထံသို့ VCAA က စာတိုက်မှ ပို့ပါမည်။

သင်ကြေနပ်ဖွယ်ရာပြီးစီးခဲ့သော VCAL ယူနစ်အားလုံးကို အောင်/ရှုံးစာရင်ဖော်ပြချက်တွင် တင်ပြပါမည်။ သင်ကြေနပ်ဖွယ်ရာ ပြီးသည်ဖြစ်စေ၊ မပြီးသည်ဖြစ်စေ၊ သင်ဆည်းပူးခဲ့သော VCE ယူနစ်အားလုံးကိုလည်း တင်ပြပါမည်။

ကြေနပ်ဖွယ်ရာပြီးဆုံးခဲ့သည်ကို “S” ဖြင့်ပြသည်။ ကြေနပ်ဖွယ်ရာအဆင့် မမှီမီသည်များကို “N” ဖြင့်ပြသည်။

အကယ်၍ သင်သည် VCE VET ယူနစ်များကို ပြီးစီးခဲ့ပါက၊ ၎င်းတို့ကို သင်၏အောင်/ရှုံးစာရင်း ဖော်ပြချက်တွင် ပြထားမည် ဖြစ်ပြီး၊ VCE VET အစီအစဉ် တစ်ခုလုံးကို ပြီးစီးခဲ့ပါက၊ သင်၏ VCAL အပြင်၊ တက်ခဲ့သော RTO ထံမှ သီးခြားအောင်လက်မှတ်တစ်ခုကို ရရှိပါလိမ့်မည်။

**VCALအောင်လက်မှတ်**

VCAL မှ လိုအပ်ချက်အားလုံးကို သင် ဖြည့်ဆည်းပြီးသွားသည့်အခါ၊ အောင်လက်မှတ်တစ်ခု ရရှိပါလိမ့်မည်။

## VCAL ရခြင်းဖြင့် ကျွန်ုပ်ဘာဖြစ်မြောက်မလဲ?

TAFE ကောလိပ်များနှင့် အလုပ်ရှင်များ အသိအမှတ်ပြုလိမ့်မည့် လုပ်ငန်းဆိုင်ရာ လက်တွေ့အတွေ့အကြုံနှင့် အရည်အချင်း လက်မှတ်တစ်ခုကို VCAL မှ သင်ရရှိပါမည်။ ယင်းတို့ကြောင့် သင်သည် ကျောင်းဘဝမှ အလုပ်လောကသို့ ရွှေ့ပြောင်းရေးအတွက်သော်၎င်း၊ အလုပ်သင်ရေးအတွက်သော်၎င်း၊ သို့မဟုတ် သင်တန်းနှင့်/သို့မဟုတ် TAFE တွင် ရှေ့ဆက်၍ သင်တန်းတက်ရောက်ရေးအတွက်သော်၎င်း၊ အထောက်အကူဖြစ်စေလိမ့်မည်။

တက္ကသိုလ်သို့ တန်းတက်ရန် စီစဉ်နေကြသော ကျောင်းသားများသည် VTAC က တွက်ချက်ပေးသည့် ENTER အမှတ်ရစေသော VCE ကိုတက် ကြသည်။ သင်သည် အကြီးတန်းအဆင့် VCALကိုတက်နေပြီး၊ တက္ကသိုလ်သို့ သွားလိုစိတ်ရှိနိုင်မည်ဟု ထင်လျှင်၊ သင့်ဆရာ/မ၊ သို့မဟုတ် အလုပ်လမ်းကြောင်းများ အကြံပေးအရာရှိကို သေချာရန် မေးမြန်းပါ။ အကြောင်းမှာ အချို့ တက္ကသိုလ်များသည် အကြီးတန်း VCAL လက်မှတ်ရှိသူများကို လက်ခံရန် စဉ်းစားနိုင်သည်။

### VCAL အောင်လက်မှတ်များ

VCAL အောင်လက်မှတ်များက VCAL ကျောင်းသားများ၊ ဆရာ/မ များနှင့် တွဲဘက်လုပ်ကိုင်ကြသော အဖွဲ့အစည်းများတို့၏ အောင်မြင်မှုများကို အသိအမှတ်ပြုသည်။ ယင်းအကြောင်းအရာများကို VCAA ဝက်ဗ်ဆိုက် www.vcaa.vic.edu.au/excellenceawards/ တွင်တွေ့နိုင်သည်။

## အလုပ်သင်နှင့် လေ့ကျင့်သင်တန်းများ ဆိုသည်များမှာ ဘာလဲ?

သင်သည် လုပ်ခရ အလုပ်နှင့် တပြည်လုံး အသိအမှတ်ပြု အရည်အချင်းရရန် သင်တန်းတက်နေလျှင်၊ ယင်းသည် အလုပ်သင်မှု၊ သို့မဟုတ် လေ့ကျင့်သင်တန်းတက်မှု တစ်ခုပင်ဖြစ်ပါသည်။
အလုပ်သင်နှင့် လေ့ကျင့်သင်တန်းသားများအကြား အဓိကကွာခြားမှုမှာ၊ အလုပ်သင် သို့မဟုတ် လေ့ကျင့်သင်တန်းသား နှင့် အလုပ်ရှင်တို့က မည်သည့် အဆင့်အထိ ပါဝင်လုပ်ကိုင်မှုအပေါ် မူတည်ပါသည်။

### အလုပ်သင်

အလုပ်သင် အစီအစဉ်အောက်တွင် အောက်ပါတို့ ပါဝင်သည်။

- အလုပ်သင်ကာလအတွင်း အလုပ်ရှင်က သင့်ကို အလုပ်သင် လိုအပ်ချက်အရ အလုပ်ခန့်ထားရန်နှင့် သင့်ကို သင်ကြားရေး၌ ထောက်ကူရန် သဘောတူပြီး၊ သင်က ညွှန်ကြားချက်များကို လိုက်နာရန်၊ အလုပ်ပြင်ပ နှင့်/သို့မဟုတ် လုပ်ငန်းခွင်တွင်း သင်တန်းများသို့ တက်ရောက်ရန်တို့ကို သဘောတူသည်။
- သင်အလုပ်သင်အဖြစ် လုပ်နေစဉ်အတွင်း၊ အကယ်၍ အလုပ်ရှင်က လုပ်ငန်းကို ရောင်းချလိုက်လျှင်၊ အလုပ်ရှင်အသစ်က၊ သင် တန်းပေးရန် သဘောတူစာချုပ် အရ ဆက်လုပ်ရမည်။
- အစမ်းသင်တန်းစာချုပ်ကာလ ပြီးဆုံးသွားခဲ့လျှင်၊ ပါဝင်သူအားလုံး၏ သဘောတူညီချက်ရမှသာ၊ ယင်းစာချုပ်ကို ဖျက်သိမ်းနိုင်မည်။

### လေ့ကျင့်သင်တန်း များ

လေ့ကျင့်သင်တန်း အစီအစဉ်အောက်တွင် အောက်ပါတို့ ပါဝင်ကြသည်။

- လေ့ကျင့်သင်တန်းကာလအတွင်း အလုပ်ရှင်က သင်တန်းသင် လိုအပ်ချက်အရ၊ သင့်အား အလုပ်ခန့်ထားရန်နှင့် သင့်ကို သင်ကြားပေးမှု ၌ ထောက်ကူရန် သဘောတူပြီး၊ သင်က ညွှန်ကြားချက်များကို လိုက်နာရန်နှင့် စနစ်တကျ စီစဉ်ရေးဆွဲထားသော သင်တန်းကို တက်ရောက်ရန်တို့ကို သဘောတူသည်။
- အကယ်၍ လုပ်ငန်းကို ရောင်းချလိုက်ပါက၊ အလုပ်ရှင်အသစ်က၊ သင့်ကို လေ့ကျင့်သင်တန်းသားတစ်ဦးအဖြစ် ထားရှိရန် မလိုအပ်ပါ။
- အကယ်၍ သင်က၊ သို့မဟုတ် သင့်အလုပ်ရှင်က စာချုပ်ကိုဖျက်သိမ်းလိုလျှင် နှစ်ဦးနှစ်ဖက်သဘောတူညီကြရန် မလိုအပ်ပါ။ တဖက်ဖက်က ဖျက်သိမ်းခြင်းပုံစံစာရွက်၊ သို့မဟုတ် ဖျက်သိမ်းသော ရက်စွဲပါသည့် စာကိုရေးခြင်းအားဖြင့်၊ သဘောတူစာချုပ်ကို ပယ်ဖျက်နိုင်သည်။

သင်သည် ကျောင်းမှထွက်ပြီးနောက်၊ အလုပ်သင် သို့မဟုတ် လေ့ကျင့်သင်တန်းတက်မှုကို အချိန်ပြည့်၊ သို့မဟုတ် အချိန်ပိုင်း လုပ်ကိုင်နိုင်သည်။

သင်သည် VCE သို့မဟုတ် VCAL တက်နေချိန်၌လည်း အလုပ်သင် သို့မဟုတ် လေ့ကျင့်သင်တန်းတက်မှုကို အချိန်ပိုင်းလုပ် နိုင်ပါသည်။ သင့် အထက်တန်းကျောင်းက သင့် သင်တန်းတက်မှု အစီအစဉ်ကို ထောက်ခံလျှင်၊ ယင်းသည် ကျောင်းတွင်း အခြေခံသော အလုပ်သင် သို့မဟုတ် လေ့ကျင့်သင်တန်းဖြစ်ပါသည်။

အလုပ်ရှင်တစ်ဦးထံ၌ သင်အလုပ်ရရှိမှသာ အလုပ်သင် သို့မဟုတ် လေ့ကျင့်သင်တန်းတက်မှုကို လုပ်နိုင်မည်။ ယေဘူယျအားဖြင့် အလုပ်သင်နှင့် လေ့ကျင့်သင်တန်းသားများသည် TAFE ကောလိပ်၊ သို့မဟုတ် အခြားသင်တန်းဖွင့်သူတို့ထံတွင် တက်နေရင်း၊ လုပ်ငန်း ဌာန ကျွမ်းကျင်မှုများကို ဝင်ငွေရအလုပ်လုပ်ချိန်အတွင်း သင်ယူနေခြင်းတို့ ပူးပေါင်းလုပ်ကိုင်ခြင်းဖြစ်ပါသည်။ အချို့အစီအစဉ်များအတွက်၊ သင်တန်း နှင့် စစ်ဆေးခြင်းအများစုကို လုပ်ငန်းခွင်တွင် လုပ်ကိုင်ပါသည်။

သင်သည် သင်တန်းတက် သဘောတူစာချုပ်ကို လက်မှတ်ထိုးရန် လိုအပ်ပြီး ယင်းကို Skills Victoria တွင် စာရင်းသွင်းရမည်။ သင်တန်းမှာ အသက်မွေးဝမ်းကျောင်း အရည်အချင်း ဒုတိယ၊ တတိယ သို့မဟုတ် စတုတ္ထ အဆင့်ရှိ လက်မှတ် တစ်ခုအတွက် ဖြစ်သည်။ အရည်အချင်းလက်မှတ်များကို ဩစတြေးလျ ~~တစ်မျိုး~~တစ်ဝန်း အသိအမှတ်ပြုပါသည်။
အလုပ်သမားများ ခံစားခွင့်ရှိသည့် လုပ်ခ နှင့် အခြားခံစားခွင့်များကို အလုပ်သင်၊ သို့မဟုတ် လေ့ကျင့်သင်တန်းသား တစ်ဦးအနေနှင့် သင်ရရှိပါမည်။

အလုပ်သင်နှင့် လေ့ကျင့်သင်တန်းများလမ်းကြောင်း ၈၀၀ ကျော်ရှိပါသည်။ ယခုအခါ လုပ်ငန်း ဌာနအများစုတွင် အလုပ်သင် သို့မဟုတ် လေ့ကျင့်သင်တန်းလုပ်ကိုင်မှုများ ရရှိနိုင်ပါသည်။ အလုပ်သင် သို့မဟုတ် လေ့ကျင့်သင်တန်းတက်ခြင်းကို ကျောင်းနေစဉ်အခါ၌ပင် လုပ်ခပေးရန် အစီအစဉ်ရှိသည့်နေရာတွင် လုပ်နိုင်ပြီး။ ယင်းမှ ဘာသာရပ် အမှတ်ကို သင့် VCE သို့မဟုတ် VCALအတွက် ရရှိနိုင်ပါသည်။

သင်၏ VCE သို့မဟုတ် VCAL ဖြင့် အလုပ်သင်၊ သို့မဟုတ် လေ့ကျင့်သင်တန်းတက်ခြင်းတို့ကို မည်သို့ ပေါင်းစပ်နိုင်ကြောင်း သင့်ကျောင်းမှ အလုပ်လမ်းကြောင်း အကြံပေးအရာရှိအား မေးမြန်းပါ။

**အလုပ်သင်အကြို သင်တန်းများ ဆိုတာ ဘာလဲ?**
အလုပ်သင် အဖြစ် စတင်မလုပ်မီ၊ လေ့ကျင့်ရေးသင်တန်းတစ်ခု တက်ရခြင်းသည် အလုပ်သင်အကြို သင်တန်းတစ်ခု ဖြစ်ပါသည်။ အလုပ်သင်အကြို သင်တန်းများသည် ထုံစံအားဖြင့် ၈ ပတ်မှ ၁၆ ပတ်အထိ အချိန်ပြည့် ကြာမြင့်ပြီး၊ ယင်းက အလုပ်အကိုင် တစ်ခုအတွက် အခြေခံကျွမ်းကျင်မှုများကို သင်ကြားပေးခြင်းအားဖြင့် ကျောင်းသားတစ်ဦးကို အလုပ်သင်မှုတစ်ခု အတွက် ပြင်ဆင်ပေးသည်။ သင်ကျောင်းတက်နေစဉ်မှာပင် ယင်းတို့ကိုလုပ်ဆောင်နိုင်ပြီး၊ သင့် VCE သို့မဟုတ် VCALသင်ကြားမှုများ တက်နေစဉ်မှာပင်၊ပြီးပြတ်ရန် ခန့်မှန်းခြေအားဖြင့် ၂ နှစ်ခန့် ကြာမြင့်နိုင်ပါသည်။

အလုပ်သင်အကြို သင်တန်းကို TAFE ကောလိပ်၊ သို့မဟုတ် RTO က ဖွင့်သောကျောင်းတစ်ခုတွင် တက်ရောက်နိုင်ပါသည်။ သင်တန်းပို့ချသော ကျောင်းက သင်တန်းပြီးဆုံးချိန်၌ အလုပ်ရှင် တစ်ဦးဦးအား ရှာဖွေတွေ့ရှိရန် ကျောင်းသားများကို ကူညီပေးလေ့ရှိပါသည်။

VCE VET အစီအစဉ် အတော်အတန်များ့မှာ အလုပ်သင်အကြို သင်တန်းများ–အဖြစ် အသိအမှတ်ပြုခံထားရပြီးဖြစ်သည်။ အသိအမှတ်ပြုခံရပြီးသော အလုပ်သင်အကြို သင်တန်းများ ရရှိနိုင်သည့် လုပ်ငန်းများ မှာ၊ ယခုအခါတွင် မော်တော်ယာဉ် လုပ်ငန်း၊ အဆောက်အဦနှင့် ဆောက်လုပ်ရေး၊ စက်မှုပညာ၊ ပရိဘောဂပြင်ဆင်ထားရှိမှု၊ ဆံသ၊ လူမှုအဖွဲ့အစည်း ဝန်ဆောင်လုပ်ငန်းများ၊ ပုံနှိပ်ခြင်းနှင့် ပုံဖော်အနုပညာတို့ဖြစ်ကြပါသည်။

အသိအမှတ်ပြုထားသော၊ အလုပ်သင်အကြို သင်တန်းများ စာရင်းကို www.skills.vic.gov.au/apprentices/pre-apprenticeship တွင်ကြည့် ရှုနိုင်ပါသည်။

**အလုပ်သင်အကြို သင်တန်းနှင့် အလုပ်သင်သင်တန်းအကြား ဘာတွေ ကွာခြားပါသလဲ?**
အလုပ်သင်အကြို သင်တန်း တက်နေကြသော ကျောင်းသားများသည် အလုပ်သင် လုပ်နေကြသူများကဲ့သို့ အလုပ်ရှင်တစ်ဦးထံ၌ အလုပ် လုပ်နေခြင်းမရှိပါ။
အလုပ်သင်အကြို **သင်တန်း**သည် အလုပ်သင် မလုပ်မီ တက်ရသောသင်တန်းတစ်ခုဖြစ်သည်။ ယင်းက အလုပ်သင် သင်တန်းသို့ သင်တက်နိုင်လိမ့်မည် ဟု အာမမခံပါ။ အကယ်၍ သင်သည် အသိမှတ်ပြု အလုပ်သင်အကြို သင်တန်းတစ်ခုကို အောင်မြင်စွာပြီးဆုံးခဲ့ပါက၊ လုပ်ငန်းဌာနအပေါ်မူတည်၍ သင့်အလုပ်သင်ကာလကို ၆ လ မှ ၁၂ လအထိ လျှော့ပါးစေပါမည်။

## ကျွန်ုပ်ဘယ်လိုစလုပ်ရမလဲ?

### ကျွန်ုပ်ကျောင်းမှထွက်ပြီး အလုပ်လုပ်ရန် ဆုံးဖြတ်ခဲ့လျှင်၊ ဘာကြောင့် သည်အကြောင်းအရာများကိုသိဖို့လိုမှာလဲ?

အလုပ်ရရန် အလုပ်ရှင်ကို ချဉ်းကပ်သည့်အခါ၊ မည်သည့် လေ့ကျင့်ရေးသင်တန်းပို့ချမှုရှိကြောင်းမေးပါ။ ယင်းသင်တန်းကို အလုပ်သင် သို့မဟုတ် သင်တန်းသားအဖြစ် လုပ်နိုင်ခြေရှိမရှိမေးပါ။

VCE VET အစီအစဉ်နှင့် အလုပ်သင် သို့မဟုတ် လေ့ကျင့်သင်တန်းတက်ခြင်းတို့ ဘာကွာခြားသလဲ?

ဤအစီအစဉ်နှစ်ခုလုံးသည် တစ်ပြည်လုံးက အသိမှတ်ပြုသော အရည်အချင်းကို ပေးဆက်သည်။ သင့် အရည်အချင်း လက်မှတ်ရရန်၊ လျှောက်လှမ်းသော လမ်းကြောင်းကွာခြားမှုသာဖြစ်ပါသည်။

အလုပ်သင် သို့မဟုတ် လေ့ကျင့်သင်တန်းတက် ရန် သင်သည် အလုပ်သမားတစ်ဦးဖြစ်ရန်လိုအပ်သည်။ ယင်းအလုပ်အတွက် လုပ်ခ ရပိုင်ခွင့်ရှိပါမည်။ ကျောင်းတွင်း အခြေခံသော အလုပ်သင် သို့မဟုတ် လေ့ကျင့်သင်တန်းတက်ခြင်းအတွက် သင့်အနေနှင့် အလုပ်အချို့ လုပ်ရန်နှင့် သင်တန်းတက်ရန် လိုအပ်သည်။ ယင်းမှာ တပတ်တွင် အနည်းဆုံး ၇ နာရီ အလုပ်လုပ်ရပြီး၊ဖာနစ်တကျ စီစဉ်ထားပြီးဖြစ်သော သင်တန်းကို အနည်းဆုံး တပတ်တွင် ၆နာရီ တက်ရောက်ရမည်၊ ယင်းသင်တန်းကို နှစ်စဉ် အစီအစဉ်တွင် ပျမ်းမျှခြင်းအားဖြင့် (၄)လကြာကာလ- (၃)ကာလဖြင့် ဖြန့်ထားနိုင်သည်။ ပုံမှန်ကျောင်းအပတ်များတွင်၊ အလုပ်ခွင် သို့မဟုတ် သင်တန်းသင်ယူမှုတွင် အနည်းဆုံး တစ်ပတ်၌ တစ်ရက်ကို အချိန်ဇယားဆွဲ၍ လုပ်ကိုင်ရမည်။

VCE VET အစီအစဉ်တစ်ခုသည်၊ သင်တန်းတက်လေ့ကျင့်ခြင်းအပြင်၊ အစီအစဉ်ချထားသော သင်ယူမှုရှိရာ လုပ်ငန်းခွင်၌ နေရာချထားခြင်းရှိရန် လိုအပ်နိုင်သည်။ သင်သည် ယင်းသို့ နေရာချထားမှုကြောင့် လုပ်ခကို ခံစားခွင့်ရှိမည်မဟုတ်သော်လည်း၊ တစ်နေ့လျှင် အနည်းဆုံး နှုံးထား(လက်ရှိတွင် ၅ ဒေါ်လာ)ကို ရပိုင်ခွင့်ရှိသည်။ ထုံးစံအားဖြင့် လုပ်ငန်းခွင်နေရာချထားမှုသည် ရက်(၄၀)အထိ ဖြစ်ပါလိမ့်မည်။

**အလုပ်သင်နှင့် လေ့ကျင့်သင်တန်းတက်ခြင်း သင်တန်းများ ဘာတွေရှိသည်ကို ကျွန်ုပ်ဘယ်မှာ တွေ့နိုင်ဘာသလဲ?**
www.skills.vic.gov.au/corporate/publications/brochures_and_fact-sheets/apprenticeships-and-traineeships-in-victoria-industry-guides

သင့်အရပ်ဒေသအတွင်းရှိ Australian Apprenticeships Centre သို့သွားကြည့်ပါ။
www.australianapprenticeships.gov.au

**ကျွန်ုပ်ဘာလုပ်နိုင်သလဲ?**
သင့်ကိုအလုပ်သင်၊ သို့မဟုတ် လေ့ကျင့်သင်တန်းတက်သူအဖြစ် လက်ခံရန်လိုလားသည့် အလုပ်ရှင်တစ်ဦးဦးကို ရှာတွေ့ရန်၊

- သတင်းစာများမှ အလုပ်ကြော်ငြာများကို ကြည့်ပါ။
- အင်တာနက် အလုပ်များစာရင်းကို www.jobsearch.gov.au တွင်ရှာကြည့်ပါ။
- သင့်အရပ်ဒေသအတွင်းရှိ Australian Apprenticeships Centre ကိုဆက်သွယ်ပါ။
  - www.australianapprenticeships.gov.au
  - ဖုန်း ၁၃ ၃၈ ၇၃
- သင့်ကျောင်းမှ အလုပ်လမ်းကြောင်းများ အကြံပေးအရာရှိကိုမေးပါ။

အကယ်၍ သင်သည် သင့်ကို အလုပ်သင် သို့မဟုတ် လေ့ကျင့်သင်တန်းတက်သူအဖြစ် လက်ခံမည့်အလုပ်ရှင်တစ်ဦးအား ရှာတွေ့ရန် အခက်အခဲရှိနေပါက၊ Group Training Australia ကို ၁၈၀၀ ၈၁၉ ၇၄၇ တွင် ဖုံးဆက်ကြည့်လျှင်၊ ၎င်းတို့က သင့်အား သင့်လျော်သည့် အုပ်စုလိုက် သင်တန်းပေးသော အဖွဲ့အစည်း(Group Training Organisation)သို့ လမ်းညွှန်ပေးလိမ့်မည်။ အုပ်စုလိုက် သင်တန်းပေးသော အဖွဲ့အစည်းက အလုပ်သင်နှင့် လေ့ကျင့်သင်တန်းသားများကို အလုပ်ခန့်ပြီး၊ အလုပ်ရှင်များထံသို့ ကာလတို သို့မဟုတ် ကာလရှည် အဆိုင်းများအနေဖြင့်၊ ငှားရမ်း ပါသည်။

## ဘယ်သင်တန်းများရရှိနိုင်သလဲ?

အကယ်၍ ကျွန်ုပ်သည် ၁၀တန်း သို့မဟုတ် ၁၁တန်း ကိုသာ အောင်ပြီးလျှင် TAFE သင်တန်းများတက်ရန် ရှိမလား?

၁၀ တန်းနှင့် ၁၁ တန်းကို အောင်မြင်ပြီးမြောက်ပြီး၊ ကျောင်းထွက်သူများအတွက် TAFE ကောလိပ်များတွင် အချို့သင်တန်းများ ရှိပါသည်။
အချို့သင်တန်းများတွင် သင်တန်းတက်ရောက်နိုင်ရေးအတွက် လိုအပ်ချက်များကို သတ်မှတ်ထားမှု မရှိပါ။
ယင်းသင်တန်းများသည် လုပ်ငန်းဌာန အများအပြားအတွက်ဖြစ်ပြီး၊ အလုပ်ကျွမ်းကျင်မှုကို ဦးတည်ထားမှု များပါသည်။

လူကြိုက်များသည့် လုပ်ငန်းဌာနအတွက် ကျောင်းတွင်း အခြေခံသော အလုပ်သင်နှင့် လေ့ကျင့်သင်တန်းတက် သင်တန်းများတွင် အောက်ပါတို့ ပါဝင်ကြသည်။

- မော်တော်ယာဉ်လုပ်ငန်း
- ဆံသလုပ်ငန်း
- အလှပြင်နှင့် လက်သည်းအလှပြင် လုပ်ငန်း
- ဧည့်ဝတ်လုပ်ငန်း
- လက်လီလုပ်ငန်း
- အားကစားနှင့် အပန်းဖြေ
- လူမှုအဖွဲ့အစည်း/ကလေးများအတွက် ဝန်ဆောင်ပေးမှုများ
- အထွေထွေဆောက်လုပ်ရေး

**TAFE သင်တန်းများ အညွှန်းကို အင်တာနက်၌ www.tafe.vic.gov.au တွင် ကြည့်နိုင်ပါသည်။**
**သို့မဟုတ် TAFE CourseLine ၁၃ ၁၈ ၂၃ ကို ဆက်ပါ။**

**အလုပ်သင်နှင့် လေ့ကျင့်သင်တန်းတက် သင်တန်းများအကြောင်းကို ပိုမိုသိလိုပါက၊ www.skills.vic.gov.au တွင်ကြည့်ပါ။**

ဤစာအုပ်၌ အထူးဝေါဟာရများစွာ သုံးထားပါသည်။ ယင်းတို့၏ အဓိပ္ပါယ်မှာ -

Equivalent National Tertiary Entrance Rank (ENTER) [နိုင်ငံလုံးဆိုင်ရာ တက္ကသိုလ်ဝင်အဆင့်နှင့် ညီမျှချက်]
သင်ရရှိသည့် သင်ကြားမှု အမှတ်များ (အောက်တွင်ကြည့်ပါ)ကို အခြေခံပြီး၊ အားလုံးခြုံပြီးအဆင့် ၀မှ ၉၉.၉၅ အထိ တန်းစီမှုပြုခြင်းဖြင့်၊ သင်၏ အဆင့်ကိုရမည်။ ENTER ကိုသုံးပြီး တက္ကသိုလ်များနှင့် TAFE ကောလိပ်များက သူတို့၏ သင်တန်းများအတွက် ကျောင်းသားများကို ရွေးချယ်ပါသည်။

General Achievement Test (GAT) [အထွေထွေ အောင်မြင်မှု စာစစ်]
VCE ယူနစ် ၃ နှင့် ၄ ကို ဆက်တိုက်တက်သော ကျောင်းသားများ၊ သို့မဟုတ် အမှတ်ပေးသော VCE VET ယူနစ် ၃ နှင့် ၄ ကို ဆက်တိုက်တက်သော ကျောင်းသားများ ဖြေဆိုရသော စာမေးပွဲဖြစ်သည်။

Outcomes [ရလဒ်များ]
သင် VCE ယူနစ်တစ်ခု ပြီးဆုံးသွားသည့်အခါ၊ သင်သိသင့်သည်များနှင့် လုပ်ကိုင်နိုင်သင့်သည်များတို့ဖြစ်သည်။

Registered Training Organisation (RTO) [မှတ်ပုံတင်ထားသည့် သင်တန်းပို့ချသော အဖွဲ့အစည်း]
ဗစ်တိုးရီးယန်း မှတ်ပုံတင်နှင့် အရည်အချင်းများ အာဏာပိုင်အဖွဲ့ (VRQA)က သတ်မှတ်ထားသော သင်တန်းအစီအစဉ်များကို ပို့ချရန် အတည်ပြုချက်ရထားသော သင်တန်း ဌာန။

Satisfactory Completion [ကြေနပ်ဖွယ်ရာပြီးစီးမှု]
သင်သည် ယူနစ်အတွက် ရလဒ်များအားလုံးကို ရရှိပြီဟု ဆိုလိုသည်။ ယူနစ်တစ်ခုကို ကြေနပ်ဖွယ်ရာ ပြီးစီးမှုအတွက် "S"တစ်ခု ရရှိမည်။ အကယ်၍ သင်သည် ယူနစ်တစ်ခုကို ကြေနပ်ဖွယ်ရာပြီးစီးမှု မရှိခဲ့လျှင် "N"တစ်ခုရရှိမည်။

Semester [စာသင်နှစ်ဝက် ]
စာသင်နှစ်တစ်နှစ်၏ တစ်ဝက်၊ ယူနစ်အများစုသည် စာသင်နှစ်ဝက်ကြာသည်။

Sequence [အစဉ်လိုက် ]
သင့် VCE ယူနစ်များကို လုပ်ရသည့် အစဉ်၊ ဉပမာ ယူနစ် ၃၊ ပြီးနောက် ယူနစ် ၄ လုပ်ခြင်း။

Statement of Attainment [အောင်မြင်ပြီးဆုံးမှု ဖော်ပြချက်]

VET ကဏ္ဍအတွင်း အရည်အချင်းလက်မှတ်ရရှိရေးအတွက် အကူဖြစ်နိုင်မည့် အသိအမှတ်ပြု သင်ကြားမှုများ ဖော်ပြစာရင်း မှတ်တမ်း။

Statement of Results [အောင်/ရှုံးစာရင်းဖော်ပြချက်]
သင်ပြီးစီးခဲ့သော VCE နှင့်/သို့မဟုတ် VCALတွင် ရရှိခဲ့ပြီးသော အမှတ်များကို တရားဝင်ဖော်ပြသော စာရွက်စာတမ်းများဖြစ်ပြီး၊ သင်တန်းအောင်မြင်ပြီးစီးခဲ့ပြီ၊ သို့မဟုတ် မအောင်မြင်ကြောင်းပြသည်။

Studies [ဘာသာရပ်များ ]
VCE အတွင်း ဆည်းပူးနိုင်သော ဘာသာရပ်များ

Study Design [သင်တန်းဖွဲ့စည်းပုံ]
VCE သင်တန်းတစ်ခုတွင် ပါဝင်သည်များနှင့် ကျောင်းသားများ၏ လုပ်ကိုင်မှုများကို မည်သို့ စစ်ဆေးအကဲဖြတ်မည်ဖြစ်ကြောင်းကို ဖော်ပြထားခြင်းဖြစ်သည်။ VCE သင်တန်းတစ်ခုစီအတွက် သင်တန်းဖွဲ့စည်းပုံကို VCAA က ပုံနှိပ်ထုတ်ဝေထားသည်။ သင်တန်းဖွဲ့စည်းပုံများကို၊ ကျောင်းများနှင့် အခြား VCE သင်တန်းပို့ချပေးသူများက လိုက်နာရပါမည်။

Study Score [သင်ကြားမှုအမှတ်]
VCE သင်တန်းတစ်ခုတွင်၊ သို့မဟုတ် အမှတ်ပေး VCE VET အစီအစဉ်တစ်ခုတွင်၊ အတန်းတူတက်နေကြသည့် အခြားသင်တန်းသားများနှင့် နှိုင်းယှဉ်လျှင်၊ လုပ်ကိုင်မှုအဆင့် မည်သည့်နေရာတွင် ရှိသည်ကို အမြင့်ဆုံးအမှတ် ၅၀ ဖြင့်သတ်မှတ်ပေးသည်။ ယင်းကို သုံးကြိမ် အမှတ်ပေး၊ သင်တန်းစစ်ဆေးမှု တစ်ခုစီ၌ ရရှိသော အမှတ်များကို သုံးပြီး တွက်ချက်သည်။

Technical and Further Education (TAFE) [စက်မှုနှင့် ရှေ့ဆက်ပညာရေး]
အဓိကကျသော အသက်မွေးဝမ်းကျောင်းပညာရေး သင်တန်းမျိုးစုံကို TAFE ကောလိပ်များတွင်၊ အထက်တန်း ဒီပလိုမာ (Advanced Diploma) အဆင့်အထိ သင်ကြားပေးပါသည်။

Units (VCAL) [ယူနစ်များ (VCAL)]
အရေးအဖတ်၊ အတွက် အချက်၊ ကိုယ်ရည်ဖွံ့ဖြိုးမှုနှင့် အလုပ်ပိုင်းဆိုင်ရာကျွမ်းကျင်မှု အသိအမှတ်ပြု ယူနစ်များသည် VCAL လက်မှတ်ရရေးလမ်းကြောင်းအတွက် သင်တန်းအမှတ်ဖြစ် သည်။

Units (VCE) [ယူနစ်များ (VCE)]
VCE သင်တန်းတွင်ပါဝင်သော အပိုင်းများဖြစ်သည်။ များသောအားဖြင့် ယူနစ် ၁၊ ၂၊ ၃ နှင့်၄ ဟူ၍ လေးယူနစ်ပါဝင်သည်။

Victorian Curriculum and Assessment Authority (VCAA) [ဗစ်တိုးရီးယန်း သင်ရိုးညွှန်းတမ်းနှင့် စိစစ်မှုအာဏာပိုင်)အဖွဲ့ (VCAA)]
ပညာရေးဝန်ကြီး ဌာနအတွက် VCE နှင့် VCAL တို့ကို စီမံကွပ်ကဲရန် တာဝန်ယူထားသော ဗစ်တိုးရီးယားပြည်နယ်အစိုးရ ရုံးဌာနဖြစ်ပါသည်။

Vocational Education and Training (VET) [အသက်မွေးဝမ်းကျောင်းပညာရေးနှင့် လေ့ကျင့်ရေးသင်တန်းပို့ချရေး]
တစ်ပြည်လုံးအသိအမှတ်ပြု အသက်မွေးဝမ်းကျောင်းလက်မှတ်များကို ရည်ညွှန်းပါသည်။

Victoria Tertiary Admissions Centre (VTAC) [ဗစ်တိုးရီးယန်း တက္ကသိုလ်ဝင် လက်ခံဌာန]
VTAC သည် ENTER အမှတ်တွက်ချက်ခြင်းနှင့် ဖြန့်ဝေခြင်းတို့အတွက် တာဝန်ရှိပြီး၊ တက္ကသိုလ်များ၊ TAFE ကောလိပ်များနှင့် အခြား ရှေ့ဆက် ပညာပေးသည့် ကောလိပ်များသို့ တက်ရောက်ပညာသင်ကြားရန် ကျောင်းသားလျှောက်လွှာများကို စိစစ်ပေးပါသည်။